# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
(၁၆)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၂၂ - ၂ - ၂၀၁၉ ရက်နေ့မှာ

အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်တက်ရောက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ လွှတ်တော်ရန်ပုံငွေကိစ္စဆောင်ရွက်ရန်။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ် ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ် ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တောင်ကလေး ကျေးလက်ကျန်းမာရေး ဌာနကို တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်ဟာ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်တို့နှင့် ထိစပ်နေပါတယ်။ ဧရိယာစတုရန်းမိုင် (၁၄၀၄.၁၈)မိုင်ရှိပါတယ်။ နယ်မြေအနေအထားကလည်း ကျယ်ဝန်းတဲ့မြို့နယ်ဖြစ်ပါတယ်။ ငပုတောမြို့နယ်ဟာဆိုလို့ရှိရင် သူ့ရဲ့သဘောသဘာဝက မြစ်ဝကျွန်းပေါ်ဒေသဖြစ်တယ်။ မြစ်၊ ချောင်းတွေပေါတဲ့အပြင် အနောက်ရိုးမ တောင်တန်းနှင့် တစ်ဆက်တည်းရှိပြီး တောင်ကုန်း၊ တောင်တန်းပေါများတဲ့ဒေသလည်း ဖြစ်ပါတယ်။ ကမ်းရိုးတန်း မိုင်အားဖြင့်လည်း (၁၀၈)မိုင်ခန့် ပါဝင်ပါတယ်။ တောင်ကလေးကျေးလက်ကျန်းမာရေး ဌာန နယ်မြေဟာဆိုလို့ရှိရင် မြစ်၊ ချောင်းတွေ ပေါများလွန်းတဲ့အတွက် သွားရေးလာရေးခက်ခဲပါတယ်။ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနတွင် အိမ်ခြေ(၆၃၀၀)ကျော်၊ လူဦးရေ(၃၃၀၀၀)ကျော် တည်ရှိနေထိုင်ကြပါတယ်။

တောင်ကလေးကျေးရွာအုပ်စုကနေပြီးတော့ ငပုတောမြို့နယ် ပြည်သူ့ဆေးရုံနဲ့ (၂၅)မိုင်ခန့် ကွာဝေးပါတယ်။ ရေလမ်းခရီးက (၂)နာရီကျော် သွားရပါတယ်။ လပွတ္တာမြို့နယ်အပိုင် တူးမြောင်း တိုက်နယ်ဆေးရုံနဲ့လည်း (၂၂)မိုင်ကွာဝေးပါတယ်။ ရေလမ်းခရီးကလည်း (၂)နာရီကျော်ခန့် သွားရပါတယ်။ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာန နယ်မြေအတွင်းမှာ သွားလို့ရတာကတော့ လှေတွေ၊ စက်လှေတွေနဲ့ များသောအားဖြင့် သွားရပါတယ်။ ကုန်းလမ်းခရီးကတော့ နည်းပါတယ်။ အဲဒီမှာ ငပုတောနဲ့ဆိုရင်လည်း တောင်ကလေးနဲ့ လိုင်းသင်္ဘောက တစ်နေ့တစ်ခေါက်လောက်ပဲရှိပါတယ်။ အဓိက ကတော့ စက်လှေ၊ ပဲ့ထောင်တွေနဲ့ပဲ သွားနေရပါတယ်။ ငပုတောမြို့နယ်ဆေးရုံသို့ ရေလမ်း ခရီးသာ သွားရပြီးတော့ အဲဒီလိုသွားရတဲ့အခါမှာလည်း မြစ်ပြင်အကျယ်ကြီးတွေမှာ (၂)နာရီကျော်ခန့် သွားရတာပဲဖြစ်ပါတယ်။ အဲဒီမှာကျန်းမာရေးကိစ္စ၊ အရေးပေါ်လူနာတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်များ အနေနဲ့ ခက်ခဲပါတယ်။ ထို့အပြင် ငွေကြေးမတတ်နိုင်တဲ့ ကျေးလက်နေပြည်သူများအတွက် လိုင်းသင်္ဘော မရှိတဲ့ကာလကျတော့ ဆေးရုံသွားမယ့်အရေးပေါ်ကိစ္စတွေဖြစ်ရင် ကိုယ့်ဟာကိုယ် စက်လှေတွေ ငှားသွားဖို့ ဆိုတာက တော်တော်ကြီးကို မဖြစ်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။

ဒီထက်အခြေအနေဆိုးတာကတော့ မိုးတွင်းကာလတို့ ရာသီဥတုဆိုးတဲ့ ကာလမှာဆိုရင် မြစ်ပြင်ကျယ်တွေ ဖြစ်တဲ့အတွက် လှိုင်းတွေ၊ လေထန်နေရင်လည်း ဘယ်လိုမှ စက်လှေတွေထွက်လို့ မရပါဘူး။ အဲဒီအတွက်ကြောင့် သွားလို့မရဘဲနဲ့ ဆေးရုံတက်ရောက်ဖို့ လူနာတွေကဆိုလို့ရှိရင် အချိန်မီ ဆေးရုံမရောက်တဲ့အတွက် အသက်အန္တရာယ်နဲ့ ကြုံတွေ့နေရတာတွေ ရှိနေပါတယ်။ လက်ရှိ

တောင်ကလေးကျေးရွာမှာဆိုရင် ရဲကင်းရှိတယ်။ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာန နယ်မြေအတွင်းမှာဆိုရင် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းတွေရှိပါတယ်။ တောင်ကလေး တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးခဲ့မယ်ဆိုရင် တောင်ကလေး၊ ကြာကွင်း၊ သမ္မာဒေဝ၊ အုတ်သဘော်၊ တောကြီး၊ ကျောက်ပုံ၊ ကုန်းကလေး၊ ရေကျော်ကြီး၊ ခရင်ဝါးချောင်းစတဲ့ ကျေးရွာအုပ်စုတွေနဲ့ ပတ်ဝန်းကျင်ကျေးရွာမှ ကျေးလက်နေပြည်သူ(၄၀၀၀၀)ကျော်တို့ကို ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝခံစားရမှာဖြစ်ပါတယ်။

ခုနက ကျွန်တော် ပြောခဲ့တဲ့ ငပုတောဆေးရုံနဲ့ဆို (၂၅)မိုင်ကွာတယ်။ ရေလမ်းခရီးက (၂)နာရီကျော် သွားရတယ်ဆိုတာ တောင်ကလေးကျေးရွာကနေ သွားရတဲ့ ခရီးအကွာအဝေးဖြစ်ပါတယ်။ တောင်ကလေးကို ရောက်ဖို့အတွက် ပတ်ဝန်းကျင်ရွာတွေကနေဆိုရင်လည်း ခုနကပြောသလို လှေနှင့် ကုန်းလမ်းနဲ့ သွားရဖို့ကလည်း (၂)နာရီပတ်လည်လောက်သွားမှ တောင်ကလေးကို ရောက်မှာ။ အဲဒီအတွက်ကြောင့် တောင်ကလေး ကျေးလက်ကျန်းမာရေးဌာန နယ်မြေနဲ့ ပတ်ဝန်းကျင်ကျေးရွာက ဒေသခံ ကျေးလက်ပြည်သူများကို ကျန်းမာရေးအခက်အခဲများ ဖြေရှင်းနိုင်ရန်နှင့် ပိုမိုထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ် အဆင့်မြင့်အားကစားကွင်းအတွက် ၂၀၁၈ - ၂၀၁၉ ပြည့်စွက်ရန်ပုံငွေဖြင့် မည်ကဲ့သို့ ထပ်မံပံ့ပိုး ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ် အဆင့်မြင့်အားကစားကွင်းအတွက် ၂၀၁၈ - ၂၀၁၉ ပြည့်စွက်ရန်ပုံငွေဖြင့် မည်ကဲ့သို့ ထပ်မံပံ့ပိုး ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး အားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုးကန့်ဒေသ ဂုဏ်ဆောင်ပေးနိုင်မည့် လောက်ကိုင်ခရိုင်၊ အဆင့်မြင့်အားကစားကွင်းကြီး ဆောက်လုပ်ရေးအတွက် လိုအပ်ချက်များ ထပ်မံပံ့ပိုးပေးပါရန် ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းလာစေရန် လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ် အဆင့်မီအားကစားကွင်းကြီးတစ်ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုဆောက်လုပ်နေပြီဖြစ်ပါတယ်။ ဘောလုံးကွင်းမြေနေရာနှင့် မိုးလုံလေလုံအားကစားကွင်း စတင်ဆောက်လုပ်နေပြီဖြစ်ပါတယ်။ ဤအားကစားကွင်းကြီးနှင့်ပတ်သက်၍ ပရိသတ်ဦးရေ(၃၂၀၀)ဆံ့ ပွဲကြည့်စင်များ၊ ပြေးခုန်ပစ်အားကစားမည့်နေရာများ၊ ဘောလုံးကွင်း၊ ဘောလုံးကွင်းပတ်လည် ပြေးလမ်းများ၊ ရေနုတ်မြောင်းများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေတဲ့အပြင် ကိုးကန့်ဒေသ ရိုးရာဂျင်ပေါက်ကွင်း (၂)ကွင်းကိုလည်း ထည့်သွင်းဆောက်လုပ်ရန် လျာထားပြီးဖြစ်ပါတယ်။ ဒေသခံများအနေနဲ့လည်း ပါဝင်ကူညီဆောင်ရွက်ကြရန် သဘောတူညီနိုင်းထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၈ - ၂၀၁၉ ဖြည့်စွက်ဘဏ္ဍာရေးရန်ပုံငွေတွင် လိုအပ်သလို ဖြည့်စွက်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါတယ်။ အောက်ပါမေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူလူထုကိုယ်စား တင်ပြအပ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ်တွင် ဆောင်ရွက်နေသော အဆင့်မြင့် အားကစားကွင်းအတွက် ၂၀၁၈-၂၀၁၉ ဖြည့်စွက်ရန်ပုံငွေဖြင့် မည်ကဲ့သို့ ထပ်မံပံ့ပိုး ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် လိုအပ်လျက်ရှိသော တိုင်းရင်းဆေးကုဌာနဖွဲ့စည်းပုံနှင့် အဆောက်အအုံရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် လိုအပ်လျက်ရှိသော တိုင်းရင်းဆေးကုဌာန ဖွဲ့စည်းပုံနှင့် အဆောက်အအုံရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ စဉ့်ကိုင်မြို့နယ်မှာရှိတဲ့ ပြည်သူများအတွက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ပြီးတော့ ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်မှာ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်တို့မှာတော့ တိုင်းရင်းဆေးကုဌာနများရှိပြီးတော့

စဥ့်ကိုင်မြို့နယ်မှာတော့ တိုင်းရင်းဆေးကုဌာန မရှိပါဘူး။ ယခင်တုန်းက စဥ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တရုတ်စုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှာ ယာယီ မြို့နယ်တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်နိုင်ဖို့ နေရာစီစဉ်ပေးခဲ့ပြီးတော့ မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ လမ်းညွှန်မှုကိုခံယူပြီး ကျောက်ဆည်မြို့နယ်တိုင်းရင်းဆေးကုဌာနကနေပြီးတော့ တွဲဖက် စဥ့်ကိုင်မြို့နယ် ယာယီတိုင်းရင်းဆေးကုဌာနကို ၂၈ - ၇ - ၂၀၀၉ ရက်နေ့တွင် ဖွင့်လှစ်ပြီး တစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် ဆေးကုသမှုတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။

စဥ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ၇ - ၉ - ၂၀၀၉ ရက်စွဲပါ စာအမှတ် ၅/၄၃-၇၆/ဦး၆(၁၂၄၄)ဖြင့် မြို့နယ်လျှပ်စစ်ရုံးရဲ့ အနောက်ဘက်၊ အရှေ့ဘက်မျက်နှာစာ (၅၂)ပေ၊ နောက်ကျောဘက် (၄၇)ပေ၊ တောင်ဘက် (၃၀)ပေ၊ မြောက်ဘက် (၄၃)ပေ၊ ဧက(၀.၀၄၁)ပေ/ဧကရှိတဲ့ ဦးပိုင်အမှတ်(၂၉၁) မြို့မြေအမျိုးအစားမှာ မြို့နယ်တိုင်းရင်းဆေးကုဌာန ဆောက်လုပ်ရန် မြေနေရာချထားပေးပြီးလည်း ဖြစ်ပါတယ်။ အဲဒီမြေနေရာကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဌာနကို လိပ်မူပြီးတော့ ခရိုင်တိုင်းရင်းဆေးကုဌာနကနေပြီးတော့ ၁၀ - ၆ - ၂၀၁၄ ရက်စွဲပါ စာအမှတ် ခရ/ကဆ/၂၀၁၄(၁၁၇)ဖြင့် စဥ့်ကိုင်မြို့နယ် မြေစာရင်းဦးစီးဌာနမှ မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆)ရေးဆွဲပြီးတော့ ဌာနပိုင်မြေဂရန် ရရှိနိုင်ရေး လျှောက်ထားပြီးလည်း ဖြစ်ပါတယ်။ ကျောက်ဆည်မြို့နယ်၊ တိုင်းရင်းဆေးကုဌာန၏တွဲဖက် စဥ့်ကိုင်မြို့နယ် ယာယီတိုင်းရင်းဆေးကုဌာနအား တစ်ပတ်လျှင် တစ်ကြိမ်နှုန်း ဆေးခန်းဖွင့်လှစ်ပေးခဲ့ပါတယ်။ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာနှစ်မှာ လူနာဦးရေ (၆၆၉)ဦး၊ ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ်မှာ လူနာဦးရေ (၁၀၉၃)ဦး၊ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှာ လူနာဦးရေ(၉၈၉)ဦး၊ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်မှာ လူနာဦးရေ (၇၆၄)ဦး၊ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လူနာဦးရေ(၉၅၁)ဦး၊ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်မှာ လူနာဦးရေ(၅၆၆)ဦးတို့ကို နှစ်စဉ် ဆေးကုသမှုတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျောက်ဆည်မြို့နယ် တိုင်းရင်းဆေးကုဌာနဟာ ဝန်ထမ်းတွေ ရာထူးတိုးသွားတာရယ်၊ ပြောင်းရွှေ့ရခြင်းတို့ကြောင့် ဆရာဝန်ထမ်းနည်းပါးတဲ့အတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်ကစပြီးတော့ စဥ့်ကိုင်မြို့နယ် ယာယီတိုင်းရင်းဆေးကုဌာနကို ယခုအချိန်အထိ ပိတ်ထားရပါတယ်။ အဲဒီအချိန်ကစပြီးတော့ စဥ့်ကိုင်မြို့နယ်မှာရှိတဲ့ မြို့ပေါ်နေလူဦးရေ (၇၇၁၅)ဦးနှင့် ကျေးလက်နေလူဦးရေ (၈၆၅၆၀) တို့အတွက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုတွေ မပေးနိုင်တော့ပါဘူး။ စဥ့်ကိုင်မြို့နယ်အတွက် တိုင်းရင်းဆေးကုဌာနဖွဲ့စည်းပုံနှင့် အဆောက်အအုံ လိုအပ်နေပါတယ်။

သို့ပါ၍ ဝန်ကြီးဌာနအနေဖြင့် စဥ့်ကိုင်မြို့နယ်ရှိ ပြည်သူများအတွက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်တွင် လိုအပ်လျက်ရှိသော တိုင်းရင်းဆေးကုဌာန ဖွဲ့စည်းပုံနှင့်အဆောက်အအုံ ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း စဥ့်ကိုင်မြို့နယ် ပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများတွင် တက်ရောက်ခွင့်ရ စာမေးပွဲများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ထူးချွန်၍ ပြည်သူ့ကျန်းမာရေးကို အမှန်တကယ် စောင့်ရှောက်ပေးနိုင်သော အထူးကုဆရာဝန်ကြီးများ မွေးထုတ်ပေးနိုင်ရန်အတွက် မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများတွင် တက်ရောက်ခွင့်ရ စာမေးပွဲများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ထူးချွန်၍ ပြည်သူ့ကျန်းမာရေးကို အမှန်တကယ် စောင့်ရှောက်ပေးနိုင်သော အထူးကုဆရာဝန်ကြီးများ မွေးထုတ်ပေးနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် ဘွဲ့လွန်ဆေးပညာရှင်များ နှစ်စဉ် မွေးထုတ်ပေးလျက်ရှိရာ Doctorate Course (Dr.Med.Sc)၊ Master Course (M.Med.Sc)၊ Diploma Course (Dip.Med.Sc) အစရှိသဖြင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များကို နှစ်စဉ်မွေးထုတ် ပေးလျက်ရှိပါတယ်။ အထက်ပါ ဘွဲ့လွန်သင်တန်းများသည် အခြားသောဝန်ကြီးဌာနများ၏ ဘွဲ့လွန်သင်တန်းများနှင့် သဘောသဘာဝ မတူညီဘဲ ပြည်သူများ၏ ကျန်းမာရေးကို အမှန်တကယ် စိတ်ဝင်စားပြီး ပရဟိတစိတ်ထားရှိသည့် ဆရာဝန်ကောင်းများအဖြစ် အထူးလိုအပ်လှပါတယ်။ ဘွဲ့လွန်ဆေးပညာရှင်များ ရွေးချယ်ရာတွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် Written ရေးဖြေ၊ Viva နှုတ်ဖြေများ ဖြေဆိုကြရပါတယ်။ ရေးဖြေ ဖြေဆိုရာတွင် ဘာသာရပ်ကျွမ်းကျင်မှုအပေါ် အမှတ်ပေး စစ်ဆေးသော်လည်း နှုတ်ဖြေ Viva တွင် ဝန်ထမ်းလုပ်သက်နှင့် ဝေးလံခေါင်ဖျားဒေသတွင် တာဝန်ထမ်းဆောင်သော လုပ်သက်အမှတ်များဖြင့် ထည့်သွင်း စဉ်းစားပေးကြောင်း သိရှိရပါတယ်။ ၂၀၁၉ ခုနှစ်အတွက် ဘွဲ့လွန်ဆေးပညာ မဟာသိပ္ပံ သင်တန်းဝင်ခွင့်စာမေးပွဲများကို ၃၀-၁၀-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ ဝင်ခွင့် ရေးဖြေစာမေးပွဲများကို ၁၄-၁၁-၂၀၁၈ ရက်နေ့တွင် တရားဝင် ဖြေဆိုအောင်မြင်ခဲ့ပြီး နှုတ်ဖြေ Viva ဖြေဆိုပြီးနောက် တက်ရောက်ခွင့်မရရှိသည့် စုစုပေါင်းလူဦးရေဟာ ဆေးတက္ကသိုလ်(၄)ကျောင်း စုစုပေါင်း (၆၃)ယောက်အထိရှိကြောင်း သိရှိရပါတယ်။

Viva စာမေးပွဲတွင် နယ်ဝေးလုပ်သက်ရမှတ်သာ အဓိကအဆုံးအဖြတ်ဖြစ်သည်ဟု ဖြေကြား ခဲ့သော်လည်း နယ်ဝေးတွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး လုပ်သက်များသောသူများ ရွေးချယ်ခြင်း

မရှိဘဲ လုပ်သက်နည်းပါးပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ဆေးရုံကြီးများတွင် သက်ဆိုင်ရာဘာသာရပ် ပါမောက္ခကြီးများနှင့် နီးစပ်သောသူများက ရွေးချယ်ခံခဲ့ရကြောင်း သိရှိရပါတယ်။ ဥပမာတင်ပြရရင် မန္တလေးဆေးတက္ကသိုလ် Rehabilitation Subject ပြန်လည်ထူထောင်ရေး ဆေးပညာတွင် နှစ်စဉ် လျှာထားဦးရေ(၈)ဦးရှိပြီး Written အောင်မြင်သူ(၆)ဦးရှိပါတယ်။ Viva နှုတ်ဖြေမေးမြန်းပြီးချိန်တွင် (၄)ဦးကိုသာရွေးချယ်ပြီး ကျန်သည့်(၂)ဦးကို မည်သည့်မူဖြင့် ချန်လှပ်ထားခဲ့သည်ကို သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူများက မေးမြန်းသော်လည်း ဖြေရှင်းချက်တစ်စုံတစ်ရာ ပေးနိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။

မန္တလေးဆေးတက္ကသိုလ် သားဖွားမီးယပ်ပညာတွင်လည်း နှစ်စဉ်(၁၅)ဦး လျာထားခဲ့သော်လည်း ယခုနှစ်တွင် Written အောင်မြင်သူ (၁၈)ဦးရှိပြီးတော့ Viva တွင်လည်း (၁၈)ဦး အောင်မြင်ခဲ့ပါတယ်။ ထို့ကြောင့် လျာထားဦးရေထက် ထပ်မံတိုးခေါ်သော ဘာသာရပ်ဖြစ်ပြီး ထိုသို့ လျာထားဦးရေထက် ပိုခေါ်ခြင်း၊ လျော့ခေါ်ခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား တင်ပြခဲ့သော်လည်း တိကျသော အကြောင်းပြချက်မပေးဘဲ Typing Error ဖြစ်နိုင်သည်ဟု ဖြေရှင်းခဲ့ပါတယ်။ ထို့ကြောင့် Typing Error ကြောင့် နစ်နာခဲ့ရတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ဖြေရှင်းချက် တစ်စုံတစ်ရာပေးခြင်း မရှိခဲ့ပါဘူး။ ယခုနှစ်တွင် Viva မေးခွန်းပုံစံကို ပြန်လည်စိစစ်မည်ဟု ပြောသော်လည်း ယခင့်ယခင် နှစ်များအတိုင်း အလားတူ မေးမြန်းခဲ့ပြီး မူဝါဒပြောင်းလဲမှုများ၊ တိကျသော လမ်းညွှန်ချက်များ၊ ထုတ်ပြန်ခြင်းများ မရှိခဲ့ပါ။ ဆေးတက္ကသိုလ်မှ တာဝန်ရှိသူများအနေဖြင့် ရေးဖြေအောင်မြင်သူများကို Viva နှင့် လုပ်သက်၊ နယ်ဝေးအမှတ်များပေါင်းပြီး အမှတ်စဉ်အလိုက် အထက်သို့ တင်ပေးလိုက်သည် ဟုသာ ဖြေကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ကျန်းမာရေး စောင့်ရှောက်မှု အနိမ့်ဆုံးနိုင်ငံအဖြစ် ရပ်တည်နေပါတယ်။ ပြည်သူလူထုဟာ မကျန်းမမာဖြစ်တဲ့ အချိန်မှာ မိမိတို့ရဲ့ကိုယ်ပိုင်ဝင်ငွေ စိုက်ထုတ်မှု (၈၀)ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ ကျန်းမာရေး စရိတ်ထောင်းသဖြင့် ဆင်းရဲသောလူထုအလွှာ၊ အခြေခံလူတန်းစားအလွှာတွေမှာ ဆေးကုသမှုကို မခံယူနိုင်ဘဲနေကြသည်ဟု စစ်တမ်းများကလည်း ဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် အိမ်နီးနားချင်း ပြည်ပနိုင်ငံများသို့ နှစ်စဉ် ဆေးကုသမှု စရိတ် ကျပ်သန်းပေါင်း(၇၀၀)ရှိသည်ဟု သိရှိရပါတယ်။ ထိုသို့နှစ်စဉ် ယိုဖိတ်မှုများကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မေးခွန်းထုတ်စရာ ဖြစ်နေခဲ့ပါတယ်။ ထို့ကြောင့် ပြည်သူ တို့၏ကျန်းမာရေးကို အမှန်တကယ် စောင့်ရှောက်မှုပေးနိုင်သော အထူးကုဆရာဝန်ကြီးများ မွေးထုတ် ပေးရန်လိုအပ်သလို အထူးကုဆရာဝန်ကြီးများသည်လည်း မိမိတို့၏ လုပ်ငန်းအတွေ့အကြုံ၊ ပညာ အတွေ့အကြုံ၊ စဉ်းစား၊ ဆင်ခြင်နိုင်စွမ်း အတွေ့အကြုံပေါ်မူတည်၍ မောင်မယ်သစ်လွင် ဆရာများကို Role Model စံများဖြင့် နေထိုင်ကျင့်ကြံရန် လိုအပ်တဲ့အတွက်ကြောင့် ဤမေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သို့မဟုတ် တိုင်းရင်းဆေးကုဌာနတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် က ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သို့မဟုတ် တိုင်းရင်းဆေးကုဌာနတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့တို့ရဲ့ ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ်နှင့် ဇာတိဖြစ်တဲ့ မိုးညိုမြို့ဟာ ပဲခူးတိုင်းဒေသကြီးရဲ့ အနောက်ခြမ်း ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်အခြမ်းမှာ ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲအရ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ သို့သော်လည်း မိုးညိုမြို့ဟာ မန္တလေးမြို့ထက် (၈၄)နှစ်စောပြီးတော့ ၁၁၃၇ ခုနှစ်မှာ မြို့ကိုတည်ထောင်လာခဲ့ပါတယ်။ သို့သော်လည်း သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ၁၉၈၀ ပြည့်နှစ်မှာ မြို့လုံးကျွတ် ပြောင်းရွှေ့ခဲ့ရပါတယ်။ ထပ်မံပြီးတော့ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ၁၉၈၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၇ ခုနှစ်မှာ ထပ်မံပြီးတော့ ပြောင်းရွှေ့ခဲ့ရပါတယ်။ မိုးညိုမြို့ဟာ အရှေ့နှင့် အနောက် (၁၀)မိုင်ခန့်သာရှိပြီးတော့ အရှေ့ဘက်မှာ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ နတ်တလင်း၊ ပေါင်းတည် တို့ရှိပြီးတော့ အနောက်ဘက်မှာ ဧရာဝတီတိုင်းဒေသကြီးက အင်္ဂပူမြို့နယ်၊ ရွှေကျင်မြို့၊ တနောင်မြို့၊ မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်တို့ ရှိပါတယ်။ တောင်ဘက်မှာတော့ လက်ပံတန်းမြို့နယ်နှင့် ဧရာဝတီမြစ်ရိုးတလျှောက် (၃၇)မိုင် မြောက်ဘက်မှာ ကျွန်တော်တို့ ရွှေတောင်မြို့နယ်တို့ ရှိပါတယ်။

မိုးညိုမြို့မှာဆိုလို့ရှိရင် ရပ်ကွက်ပေါင်း မြို့ပေါ်မှာ(၅)ရပ်ကွက်ရှိပြီးတော့ ကျေးရွာအုပ်စုပေါင်း(၃၇)အုပ်စုရှိကာ ကျေးရွာပေါင်း(၂၀၇)ရွာ ရှိပါတယ်။ လူဦးရေပေါင်း(၁၃၆၄၁၀)ဦးရှိပြီးတော့ အိမ်ထောင်စုပေါင်း(၃၆၀၄၉)ခု ရှိပါတယ်။ မိုးညိုမြို့မှာဆိုလို့ရှိရင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း(၁၆၃)ကျောင်းလည်းရှိပါတယ်။ ကျန်းမာရေးဌာနအနေနဲ့ မိုးညိုမြို့ပေါ်မှာ မြို့နယ်ဆေးရုံ(၁)ခု၊ ထိန်တော၊ ရေခင်း၊ ပတ်တော်၊ ဆင်မလိုင်တို့မှာ တိုက်နယ်ဆေးရုံ(၄)ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန (RHC) ကတော့ (၆)ခုရှိပြီးတော့ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၈)ခု ရှိပါတယ်။ ဆရာဝန်နှင့် လူဦးရေအချိုးကိုကြည့်လို့ရှိရင် ကျွန်တော်တို့ (၁း၁၅၁၅၇) ရှိပြီးတော့ သူနာပြုနဲ့ လူဦးရေအချိုးကတော့ (၁း၅၀၅၂) ရှိပါတယ်။ လက်ထောက်ကျန်းမာရေးမှူးနှင့် လူဦးရေအချိုးကတော့ (၁း၂၇၂၈၂) ရှိပါတယ်။ မိုးညိုမြို့ဟာ စီးပွားရေးစီမံကိန်းကြီးတွေရှိတဲ့၊ ဦးစားပေးစီမံကိန်း(၅)ခုထဲမှာ လမ်းပန်းဆက်သွယ်ရေးပြီးလို့ရှိရင် ကျန်းမာရေးကဏ္ဍက ဒုတိယ ဦးစားပေးကဏ္ဍ ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာတို့မှာ တိုင်းရင်းဆေးကုဌာနများရှိပြီးတော့ ကျွန်တော်တို့ မိုးညိုမြို့တစ်ခုတွင်သာ မရှိခြင်းဖြစ်ပါတယ်။ တကယ်လို့ မိုးညိုမြို့မှာ တိုင်းရင်းဆေးရုံ သို့မဟုတ် ဆေးကုဌာန ဖွင့်လှစ်ပေးမယ်ဆိုလို့ရှိရင် မိုးညိုမြို့နယ်သာမက ဘဲနဲ့ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းမှာရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးက ကျေးရွာများလည်းပဲ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ တကယ်လို့ မိုးညိုမြို့မှာ တိုင်းရင်းဆေးရုံ သို့မဟုတ် ဆေးခန်း ဆောက်လုပ်ပေးမယ်ဆိုလို့ရှိရင်လည်းပဲ မြေနေရာများလည်း အဆင်သင့်ရှိပါတယ်။

မိုးညိုမြို့မှာ တိုင်းရင်းသား၊ ပြည်သူပြည်သားအများစုဟာ လယ်ယာကိုင်းကျွန်းနဲ့ လယ်ယာ လုပ်ငန်းတွေကို ဆောင်ရွက်ကြပြီးတော့ များသောအားဖြင့်လည်း တိုင်းရင်းဆေးတွေကိုလည်း ကျွန်တော်တို့ အားကိုးအသုံးပြုကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ခုတင်(၁၆)လုံးဆံ့ တိုင်းရင်း ဆေးရုံ သို့မဟုတ် တိုင်းရင်းဆေးကုဌာန (၁)ခုဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး ၏ မေးခွန်းဖြစ်သော ငပုတောမြို့နယ်၊ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့် ဖွင့်လှစ်ပေးရန် ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။

ငပုတောမြို့မှာတော့ လူဦးရေ(၃၂၅၀၀၀)ကျော် ရှိပြီးတော့ ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံ (၁)ရုံ ရှိပါတယ်။ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၉)ခု ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(၁၇)ခု ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ(၈၈)ခု ရှိပြီးတော့ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ တောင်ကလေး ကျေးလက် ကျန်းမာရေးဌာနကို ကြည့်လိုက်တဲ့အခါမှာ ငပုတောမြို့နယ်ဆေးရုံနဲ့ (၂၅)မိုင်ဝေးတယ်။ သို့သော် သွားမယ်ဆိုလို့ရှိရင် (၂)နာရီ (၃၀)မိနစ်လောက် ကြာပါတယ်။ ဂျမ်းကပ် တိုက်နယ်ဆေးရုံနဲ့လည်း (၂)နာရီခန့် ကြာပါတယ်။ မြောင်းမြအနီးမှာရှိတဲ့ မြောင်းမြမြို့နယ်၊ တူးမြောင်းတိုက်နယ်ဆေးရုံနဲ့လည်း (၂၂)မိုင် ရေလမ်းနဲ့ (၂)နာရီ (၃၀)မိနစ်ခန့် သွားရပြီးတော့ မိုးတွင်းမှာလည်း ခက်ခဲပါတယ်။

အဲဒီတော့ ဒီ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနအောက်မှာ ကျွန်တော်တို့ကြည့်တဲ့ အခါမှာ Sub Centre ပေါ့။ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနခွဲ (၅)ခုရှိပါတယ်။ လူဦးရေ

ကလည်းများပါတယ်။ (၂၅၀၀၀)ကျော် ရှိပါတယ်။ ကျေးရွာပေါင်း(၄၅)ရွာ ရှိပါတယ်။ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနတွင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်ဖို့ အတွက်ကိုတော့ မြေယာပိုင်ဆိုင်မှုအနေနဲ့ လုံလောက်သောပိုင်ဆိုင်မှု မရှိခြင်းကို သွားတွေ့ရပါတယ်။ တိုက်နယ်ဆေးရုံဖွင့်မယ်ဆိုရင် ကျွန်တော်တို့ အနည်းဆုံး (၄)ဧကလောက် လိုပါတယ်။ မြေမရှိဘဲနဲ့ ကျွန်တော်တို့က ဆောက်လို့မရပါဘူး။ ဒီမြေကို၊ ကျွန်တော်တို့ပိုင်တဲ့ဟာကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးအနေနဲ့ ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်က တောင်းတဲ့ဟာတွေကို ကျွန်တော်တို့ ယှဉ်ပြီးတော့ ဦးစားပေးအနေနဲ့ စဉ်းစားပေးပါမယ်။ အကယ်၍ ဦးစားပေးမှာ ပါသွားလို့ရှိရင်တော့ လာမယ့်ဘတ်ဂျက် သို့မဟုတ် နောင်နှစ်ဘတ်ဂျက်ကို ကျွန်တော်တို့ ထည့်ဖို့ရှိပါတယ်။ ဆိုလိုတာက မြေရဖို့က အဓိက ဖြစ်နေပါတယ်။ မြေရရင် ကျွန်တော်တို့ စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် ရဲ့ မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင် မြို့နယ် အဆင့်မြင့်အားကစားကွင်းအတွက် ၂၀၁၈-၂၀၁၉ ဖြည့်စွက်ရန်ပုံငွေတွင် မည်ကဲ့သို့ ပံ့ပိုး ဆောင်ရွက်ပေးနိုင်မည့်ကိစ္စနှင့် ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်ကြည့် လိုက်တဲ့အခါမှာ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင် မြို့နယ်မှာ မိုးလုံလေလုံ အားကစားရုံ ပေ(၂၀၀ x ၁၀၀)အား ၂၀၁၈-၂၀၁၉ ဘတ်ဂျက် ရှမ်းပြည်နယ် ရန်ပုံငွေစာရင်းမှာ ကျပ်သန်းပေါင်း(၃၁၃.၆)ဖြင့် ခွင့်ပြုချက်ရပြီးတော့ ၈-၁၂-၂၀၁၈ ကစပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီဟာကတော့ ကျွန်တော်တို့ မိုးလုံလေလုံ အားကစားကွင်းကြီးပါ။ ထို့အပြင် လောက်ကိုင် မြို့နယ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မြို့နယ်အားကစားကွင်း ဖော်ထုတ်ဖို့အတွက် ကိုလည်း ၂၀၁၈-၂၀၁၉ ပြည်ထောင်စုဘတ်ဂျက်မှာ ကျပ်သန်း(၆၀၀) ကျွန်တော်တို့ ချထားပေးပါတယ်။ အဲဒီတော့ ဒီဆောင်ရွက်ဖို့အတွက်ကိုလည်း ၁-၁-၂၀၁၉ ရက်နေ့မှာနဲ့ ၂-၁-၂၀၁၉ ရက်နေ့မှာဆိုရင် ကြေးမုံသတင်းစာမှာ ကျွန်တော်တို့ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အိတ်ဖွင့်တင်ဒါ ခေါ်ခဲ့ပါတယ်။ အခု တင်ဒါလည်းပိတ်သွားပါပြီ။ ဒီမှာ ကျွန်တော်တို့ သိရသလောက်ကတော့ တင်ဒါလျှောက်တဲ့ကုမ္ပဏီ (၁)ခုတည်းပဲ ရှိပါတယ်။ ဒီကုမ္ပဏီရဖို့များတဲ့အတွက် ရှမ်းပြည်နယ်အစိုးရက တင်ဒါကို ရွေးချယ်တဲ့ ကုမ္ပဏီက ရွေးလိုက်လို့ရှိရင် ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အမြန်ဆုံး စတင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

၎င်းမေးခွန်းမှာဆက်မေးတဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ လောက်ကိုင်မြို့နယ်မှာ အဆင့်မြင့်အားကစားကွင်း။ ဒီအဆင့်မြင့် အားကစားကွင်းကိုမရခင် ကျွန်တော်တို့ မြေကိစ္စတွေကို လုပ်ဖို့အတွက် ကျပ်သန်း(၆၀၀) ချထားပေးခြင်းဖြစ်ပါတယ်။ ဒီအဆင့်မြင့် အားကစားကွင်းကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာငွေတောင်းခံတဲ့အခါ ဖြည့်စွက်မှာဆိုလို့ရှိရင် တောင်းလို့မရပါဘူး။ ဖြည့်စွက်မှာ ဆောက်လက်စ၊ မပြီးသတ်သေးတဲ့ဟာတွေကိုပဲ တောင်းလို့ရပါတယ်။ အခုဟာ အသစ်ဖြစ်တဲ့အတွက် တောင်းလို့မရကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်ရဲ့ မေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် လိုအပ်လျက်ရှိသော တိုင်းရင်းဆေးကုဌာန ဖွဲ့စည်းပုံနှင့် အဆောက်အအုံရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့က တိုင်းရင်းဆေးရုံ သို့မဟုတ် ဆေးကုဌာနများ တိုးချဲ့ဆောက်မယ်၊ အသစ်ဆောက်မယ်ဆိုရင် ဆောက်လုပ်တဲ့ မြေနေရာအနေအထား၊ ပိုင်ဆိုင်မှု၊ မြေအကျယ်အဝန်း၊ လူဦးရေသိပ်သည်းမှု ရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းသည်/မကောင်းသည်၊ မြန်မာ့တိုင်းရင်းဆေးအားနယ်မြေခံပြည်သူလူထုက အားကိုးမှု ရှိ/မရှိ၊ ပတ်ဝန်းကျင်မှာ တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများ ရှိ/မရှိနောက် ဘတ်ဂျက်ခွင့်ပြုမှု အခြေအနေပေါ်မူတည်ပြီးတော့ တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ ကျွန်တော်တို့က ယှဉ်ပါတယ်။ ယှဉ်ပြီးတော့ ဒီနေရာမှာ တိုင်းရင်းဆေးရုံ သို့မဟုတ် ဆေးကုဌာန လိုမယ်ဆိုရင် ကျွန်တော်တို့က ဦးစားပေးအနေနဲ့ နှစ်စဉ် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ပြန်လည်ကြည့်တဲ့အခါမှာ ဒီ စဉ့်ကိုင်မြို့နယ်မှာ ၂၀၀၉ ခုနှစ်ကနေစပြီးတော့ သက်ဆိုင်ရာမြို့နယ်မှာ စီစဉ်ခွင့်ပြုတဲ့ စဉ့်ကိုင်မြို့၊ တရုတ်စုရပ်မှာ ကျွန်တော်တို့ အရင်တုန်းကတော့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးပေါ့။ အခုတော့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးပေါ့နော်။ အဲဒီမှာ ကျောက်ဆည်ကနေပြီးတော့ တိုင်းရင်းဆေးဝန်ထမ်းများနှင့် တစ်ပတ်လျှင် တစ်ကြိမ်ဆေးကုသလျက်ရှိပါတယ်။ စာရင်းဇယားတွေကလည်း ကျွန်တော့်ဆီမှာ အတိအကျရှိပါတယ်။ သိပ်တော့မများပါဘူး။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာဆိုရင် (၄၈)ကြိမ်၊ ကုသတဲ့လူဦးရေက (၅၆၆)ဦး၊ သူက (၁၀၀၀) နဲ့ (၅၆၆) ကြားမှာ သွားနေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာ ပြန်ကြည့်တဲ့အခါမှာ တိုင်းရင်းဆေးကုဌာနများရဲ့ ဖွဲ့စည်းပုံအရ တိုင်းရင်းဆေးဆရာ (၃)ဦးရှိသော်လည်း (၂)ဦးသာခန့်ထားနိုင်၍ ဝန်ထမ်းအင်အားနည်းပါးလျက်ရှိပါတယ်။ ဝန်ထမ်းများကလည်း တစ်ပတ်လျှင် တစ်ကြိမ် (၈)မိုင်ခန့် သွားရောက်၍ဖွင့်လှစ်ရခြင်းကြောင့် ယာယီတိုင်းရင်းဆေးခန်းကို ၂၀၁၅ ခုနှစ်၊ မေလမှစ၍ ကျွန်တော်တို့က ပိတ်ခဲ့ပါတယ်။ အဲဒီတော့ ဒီ တိုင်းရင်းဆေးကုဌာန ဆောက်ဖို့ဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မြို့နယ်လျှပ်စစ်ရုံးရဲ့အနောက်ဘက် ရှေ့မျက်နှာစာ(၅၂)ပေ၊ နောက်ကျောဘက်(၄၇)ပေ၊ တောင်ဘက်ပေ(၃၀)၊ မြောက်ဘက်(၄၃)ပေ၊ အကျယ်အဝန်း(၁.၀၄၁)ကို လျာထားပါတယ်။ ဒါ ဌာနပိုင်မြေဂရန်ရရှိဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်း ဒီဟာကိုဆောက်မယ်ဆိုရင် ကျွန်တော်တို့က ဒီမြေနဲ့မလောက်ပါဘူး။ ကျွန်တော်တို့အနေနဲ့က တိုင်းရင်းဆေးကုဌာန(၁)ခုက ပေ(၄၀ x ၃၀) RC တစ်ထပ်နှင့် ဝန်ထမ်းအိမ်ရာကိုပါဆောက်လုပ်မှာဖြစ်တဲ့အတွက် ပေ(၁၀၀)ပတ်လည် အနည်းဆုံးလိုပါတယ်။ အကျယ်အဝန်းက။ ပေ(၁၀၀)ပတ်လည် အနည်းဆုံးလိုတဲ့အတွက် ဒီပေ(၁၀၀)ပတ်လည်ကိုသာ ကျွန်တော်တို့ ရမယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် မြေဖြစ်မယ်ဆိုရင် ကျွန်တော်တို့က ဒါကို နောက်နှစ်ဘတ်ဂျက်တွေမှာ ထည့်သွင်းလို့ရပါတယ်။ မြေမရဘဲနဲ့ ဘတ်ဂျက်သွားထည့်လို့ရှိရင် ကျွန်တော်တို့က ဘတ်ဂျက်ပဲပိုပြီး ပြန်အပ်လိုက်ရတာဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

အနေနှင့်လည်း မကောင်းတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ကတော့ မြေပေ(၁၀၀) ပတ်လည် ရရှိဖို့ကို အမြန်ဆုံး ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒါ တော်တော် (၆)မိနစ်ထက် အများကြီးပိုမှာပါ။ ဒီကိစ္စကလည်း အလွန်အရေးကြီးတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဂုဏ်သိက္ခာ၊ ပုံရိပ် အကုန်လုံးကို အရေးကြီးတဲ့အတွက် ကျွန်တော် အချိန်ယူပြီးတော့ ဖြေကြားခွင့်ပေးပါရန် လေးစားစွာ မေတ္တာရပ်ပါတယ်။

Power Point (၂)ခု၊ (၃)ခုလောက်ကို သုံးခွင့်ပြုပါရန် တင်ပြလိုပါတယ်။ အဓိက ဒီမှာ မေးတာကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဆေးပညာမဟာသိပ္ပံဘွဲ့လွန် သင်တန်းများမှာ တက်ရောက်ခွင့်ရသူများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်နှင့် ထူးချွန်၍ ပြည်သူ့ကျန်းမာရေးကို အမှန်တကယ် စောင့်ရှောက်ပေးနိုင်သော အထူးကု ဆရာဝန်ကြီးများ မွေးထုတ်ရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် ကျွန်တော်တို့ ပြီးခဲ့တဲ့ Post Graduate ဘွဲ့လွန်သင်တန်း ရွေးတဲ့အခါမှာ နှုတ်မေးကိုဖြေပြီးတော့ မအောင်တဲ့ ကိစ္စတွေကို ကျွန်တော် အသေးစိတ် ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

သို့သော်လည်း ဒီမေးခွန်းမှာပါတဲ့ မေးခွန်းများဟာ Hearsay ပေါ်မူတည်ပြီး မေးထား သော်ငြားလည်း ကျွန်တော့်အနေနဲ့ ဒါတွေကို အကုန်ဖြေမှာဖြစ်ပါတယ်။ ပထမဆုံးကတော့ ပရဟိတ စိတ်ထားရှိသည့် ဆရာဝန်ကောင်းများဖြစ်ရန် လိုအပ်ပါတယ်လို့ ရေးထားပါတယ်။ မှန်ပါတယ်။ ကျွန်တော်တို့ ဆရာဝန်အများစုဟာ ပရဟိတစိတ်ရှိပြီးတော့ ကျင့်ဝတ်နှင့်ညီသော ဆရာဝန်များလည်း ရှိပါတယ်။ သို့သော်လည်း အလွန်နည်းပါးသော ရာခိုင်နှုန်းကတော့ အခြေအနေ၊ အကြောင်းအချက် မိမိတို့ ထိန်းလို့၊ ကျွန်တော်တို့ Control မရှိတဲ့အခြေအနေ၊ အကြောင်းအချက်ကြောင့် လတ်တလော ဖြစ်ပြီးတော့ နည်းနည်းလေး ပြဿနာများရှိခဲ့တာကိုတော့ ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမဲ့ အများစု ကတော့ ကျင့်ဝတ်ရှိပါတယ်။ ပရဟိတစိတ်လည်း ရှိပါတယ်။

ကျွန်တော့်အနေနဲ့ ဒီ Post Graduate ဘွဲ့လွန် ရွေးချယ်ရေးကို စနစ်တကျ လုံးဝ လုပ်ထားပါတယ်။ မလုပ်ခင် ကျွန်တော် Power Point တစ်ခုလေး တင်ပြခွင့်ပြုပါ။ ဒီမှာ ကြည့်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ အခုလောလောဆယ် Diploma (၇)မျိုးမှာ တက်နေတဲ့ သင်တန်းသား (၇၆)ဦးရှိပါတယ်။ ဆေးတက္ကသိုလ်များမှာပါ။ နှီးနွယ်တက္ကသိုလ် မပါသေးပါဘူး။ ဆေးမဟာသိပ္ပံ သင်တန်း(၃၂)မျိုးမှာ တက်နေတဲ့ကျောင်းသားပေါင်း (၂၃၂၀)ဦး ရှိပါတယ်။ ပါရဂူဘွဲ့ (Ph.D) (Doctor Of Medical Science) တက်နေတဲ့ ဘာသာရပ်က (၄၅)ဘာသာရပ်မှာ (၄၄၃)ဦး တက်နေပါတယ်။ ဒါ ဆေးကျောင်းပဲဖြစ်ပါတယ်။ ရန်ကုန်ဆေး(၁)၊ ရန်ကုန်ဆေး(၂)၊ ဆေး(မန်း)၊ ဆေး(မကွေး)ပါ။ စုစုပေါင်း ဘွဲ့လွန်သင်တန်း(၂၈၃၉)ဦး တက်နေပါတယ်။ အကယ်၍ ဆေးနှင့် နှီးနွယ်တဲ့ တက္ကသိုလ် တွေကိုပါ ပါလိုက်မယ်ဆိုရင်တော့ ဒီနံပါတ်ထက် အများကြီး များပါတယ်။ တက်ရောက်တဲ့ သင်တန်း အမျိုးအစားကလည်း (၁၃၀)ဖြစ်သွားပါတယ်။ ဆေးကျောင်းမှာတက်နေတဲ့ အမျိုးအစားက (၈၄)ခု

ဖြစ်ပါတယ်။ ဒီမှာ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးလိုလားတဲ့ ဘွဲ့လွန်ဆရာဝန်တွေ ဘယ်လောက် ထွက်လာမလဲဆိုရင် ၂၀၁၉ ခုနှစ်မှာ မဟာသိပ္ပံ(၉၄၀)ဦး ထွက်လာပါမယ်။ ဆေးလက်တွေ့အခြေခံ (၃၈)ဦး။ ဆေးလက်တွေ့ဆိုတာ Medical Service တွေမှာ (၂၀၇)ဦး Doctorate ပါရဂူ Level ထွက်ပါမယ်။ ၂၀၂၀ ပြည့်နှစ်မှာ မဟာသိပ္ပံ (၆၅၆)ဦး ထွက်မယ်။ ဆေးလက်တွေ့အခြေခံ (၃၀)ဦး ထွက်မယ်။ ဆေးလက်တွေ့ပါရဂူ (၁၆၆)ဦး ထွက်ပါမယ်။ ၂၀၂၁ ခုနှစ်မှာတော့ မဟာသိပ္ပံ(၆၆၆)ဦး၊ ပါရဂူ(၂)ခုမှာ နှစ်နဲ့ Detach ပြတာကတော့ ပါရဂူသင်တန်းတွေကို ကျွန်တော်တို့ မတ်လမှာ စတင် ခေါ်မှာဖြစ်တဲ့အတွက် ဒီမှာမပါခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ ဒီမှာ စုစုပေါင်း ထွက်တာက Policy ချထားခြင်းဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီ မေးခွန်းမှာပါတဲ့ မေးထားတဲ့အတိုင်း ဆေးပညာသည် လူသားများရဲ့ အသက်ကို ကယ်တင်ပေးသောပညာဖြစ်သောကြောင့် ဆေးပညာဘွဲ့လွန်သင်တန်းများ ဝင်ခွင့်ကိစ္စရပ်များတွင် ရေးဖြေမှာသာမက နှုတ်ဖြေကိုပါ မေးခြင်းဟာ ခံယူချက်နှင့် စိတ်နေစိတ်ထားကို သိအောင် ကျွန်တော်တို့က မေးရပါတယ်။ တချို့မေးတဲ့အခါမှာ အဆင်မပြေမှုတွေ ရှိပါတယ်။ ဒါ သူတို့ရဲ့ စိတ်နေစိတ်ထား ဘယ်လို Respond လုပ်တာကို ကျွန်တော်တို့ မေးတဲ့အတွက် နှုတ်မေးမေးခွင့်ရှိပါတယ်။

ထို့အပြင် ပရဟိတစိတ်ကိုလည်း ပိုရှိအောင်ဖြစ်မယ့်အတွက် ကျွန်တော်တို့ အစိုးရလက်ထက်မှာ Medical Ethics ဆရာဝန်ကျင့်ဝတ် ဆေးပညာကျင့်ဝတ်ကို စဖြစ်တဲ့နှစ်ကတည်းကနေပြီးတော့ အဆုံးနှစ်အထိ သင်တဲ့အပြင် ဆန်းစစ်လွှာ မေးခွန်းများကိုလည်း မေးပါတယ်။ စာမေးပွဲမှာလည်း မေးပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျောင်းသားဘဝကဆို မသင်ခဲ့ရပါဘူး။ ဆေးပညာကိုလုံးဝမသင်ခဲ့ရဘဲနဲ့ ဆရာဝန်ဖြစ်တဲ့အခါမှသာလျှင် inauguration ဆိုရခြင်း ဖြစ်ပါတယ်။ အခု ဒီလိုမဟုတ်ပါဘူး။ ကျင့်ဝတ်သေချာ သင်ထားပါတယ်။

အဲဒီတော့ မေးခွန်းမှာတော့ ကျွန်တော်ပြောတယ်။ နောက်မှာ မေးခွန်းတွေ အများကြီးရှိပါတယ်။ အဲဒီတော့ ဘယ်လိုစနစ်တကျ စီစဥ်မွေးထုတ်သလဲ Post Graduate ကို လုပ်တယ်ဆိုရင် (၁) ကျွန်တော်တို့မှာ Power Point တစ်ခုပြခွင့်ပြုပါ။ ကျွန်တော်တို့ဆီမှာ ဒီမှာ ကြည့်မယ်ဆိုရင် တက္ကသိုလ်အဆင့်မှာ ကျွန်တော် အရမ်းမထုတ်ပါဘူး။ သင်တန်းတစ်ခုချင်းအလိုက် ဘာသာရပ်သင်ကြားရေးအဖွဲ့ Board of Study Group အများကြီး ရှိပါတယ်။ ထို့အပြင် အဲဒါပြီးလို့ရှိရင် တစ်ဆက်တည်းနဲ့ တက္ကသိုလ်ပညာရေးကိုက University Academic Board ဆိုတာ ရှိပါတယ်။ ဒါက ဆေးတက္ကသိုလ်အဆင့်မှာ ဖြစ်ပါတယ်။ ဦးစီးဌာနအဆင့်မှာဆိုလို့ရှိရင် ကျွန်တော်တို့ ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်ပါတယ်။ Director General and Rectors Coordination Meeting ရှိပါတယ်။ အစည်းအဝေး ခဏခဏလုပ်ပါတယ်။

နံပါတ်(၂)ဘွဲ့လွန် ဆေးပညာသင်ကြားရေးဘွဲ့ Main Post Graduate Board ရှိပါတယ်။ ဘွဲ့လွန်ပညာသင်တန်းရွေးချယ်ပွဲ Postgraduate Selection Board ရှိပါတယ်။ နောက်တစ်ခုက ဦးစီးဌာနနဲ့ တက္ကသိုလ်နဲ့ ပေါင်းပြီးတော့လည်း ကျွန်တော်တို့က ၁၉၉၈ ခုနှစ်ကစပြီးတော့ Medical

Education Seminar (၁၀) ကြိမ် လုပ်ပြီးပါပြီ။ ထို့ပြင် ဘွဲ့လွန်အတွက် Postgraduate Medical Education Seminar ဘွဲ့လွန်ဆေးပညာသင်ကြားဖို့အတွက် (၄)ကြိမ် လုပ်ပြီးပါပြီ။ အဲဒီတော့ ဒီဟာတွေကထွက်လာတဲ့ ညွှန်ကြားချက် Recommendation တွေ၊ အကြံပြုတာတွေကို ကျွန်တော်တို့က သေသေချာချာ စဉ်းစားပြီးမှသာလျှင် Under Graduate ကော၊ Post Graduate ကောဆိုရင် ကျွန်တော်တို့က သေသေချာချာ လုပ်ပါတယ်။ ဒါကျွန်တော်တို့အနေနဲ့ ဒီဆွေးနွေးပွဲမှာ တက်တဲ့လူတွေ ကလည်း ပါမောက္ခ၊ ဌာနမှူး တကယ့်အဆင့်မြင့် ပင်စင်စားဆရာကြီးများ အကုန်တက်ပြီးတော့ သူတို့ရဲ့ အကြံဉာဏ်ကို ကျွန်တော်တို့ ယူပြီး ကျွန်တော်တို့ လုပ်ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် တစ်ယောက်တည်းနဲ့လည်း မလုပ်ပါဘူး။ ဒါတွေကို ကျွန်တော်တို့ အကုန်စဉ်းစားပြီး လုပ်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့မှာ စပြီးတော့ ကျွန်တော်တို့ ပထမဆုံး ကျွန်တော်တို့က ဒီနှစ် ဒီလို ပြဿနာဖြစ်လည်း ဘာဆိုတာ ပထမဆုံး ကျွန်တော်တို့ဟာ Main Post Graduate Board မှာ (၄၀) ပါ ပါတယ်။ ပါမောက္ခ/ဌာနမှူးတွေ၊ ပါမောက္ခတွေ (၄၀) ပါ ပါတယ်။ သူတို့နဲ့ ပထမဆုံး ကျွန်တော်တို့က အစည်းအဝေးလုပ်ပါတယ်။ အစည်းအဝေးလုပ်ပြီးတော့ ခုနက ကျွန်တော်တို့ ပြောတဲ့အစည်းအဝေးမှာ ခုနက Postgraduate Seminar လို့ အကုန်လုံးစဉ်းစားပါတယ်။ စဉ်းစားပြီးတော့မှ ကျွန်တော်တို့လုပ်တယ်။ အဲဒီတော့ Power Point ကို ပြပါ။

ဒီမှာကြည့်မယ်ဆိုရင် ဒီဟာကတော့ ကျွန်တော်တို့ အရမ်းမလုပ်ဘူး။ တစ်ခုပြီးမှတစ်ခု လုပ်တာကိုပြပါမယ်။ ဥပမာ ပထမဆုံးဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့မှာ ဒီဆေးပညာလောကအတွက်ကို အကြံဉာဏ်ပေးနိုင်အောင် ကျွန်တော့်အနေနဲ့ ဖွဲ့လိုပါတယ်။ ကျွန်တော်ဝန်ကြီးဖြစ်တဲ့အခါမှာ TAG Clinical Domain ဖြစ်ပါတယ်။ ဒီမှာ အငြိမ်းစားပါမောက္ခချုပ်၊ စီနီယာ ပါမောက္ခချုပ်၊ အငြိမ်းစား ပါမောက္ခကြီးတွေ ပါမယ်။ သူတို့ကနေပြီးတော့ အကြံဉာဏ်ပေးပါတယ်။ ဘွဲ့လွန်သင်တန်းများ ခေါ်မယ်ဆိုလို့ရှိရင် ဘယ်လိုရွေးချယ်ရမလဲ အကြံဉာဏ်ပြုပါတယ်။ အကြံဉာဏ်တွေ ကျွန်တော့်ကို ပေးပါတယ်။ ကျွန်တော် ဖွဲ့ထားတဲ့ အဖွဲ့က ပေးပါတယ်။ ကျွန်တော်က ဒါကို မဆုံးဖြတ်ဘူး။ ဒီဥစ္စာကို ကျွန်တော်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနကို ပေးလိုက်တယ်။ အဲဒီမှာ ဘာလုပ်လဲ ဆိုတော့ ပါမောက္ခချုပ် ညှိနှိုင်းအစည်းအဝေး၊ ပါမောက္ခချုပ်နဲ့ဆိုတာ ညွှန်ကြားရေးမှူးချုပ်နဲ့ ပါမောက္ခချုပ် တွေပါတဲ့ ညှိနှိုင်းအစည်းအဝေးမှာ လုပ်ပါတယ်။ ပြီးရင် သူတို့ကနေ တက္ကသိုလ်များအလိုက် ပညာရေးအဖွဲ့တွေကို ပြန်ပြီးဆွေးနွေးဖို့ ချပေးလိုက်ပါတယ်။ တက္ကသိုလ်ပညာရေးအဖွဲ့ကနေ ဆွေးနွေး ပြီးမှ ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ်ကို Department of HRH တွေဆီ တက်လာပါတယ်။

အဲဒီကနေ တက်လာပြီးတော့မှ တစ်ခါ၊ ပါမောက္ခချုပ်ညှိနှိုင်းအစည်းအဝေး ပြန်ခေါ် ပါတယ်။ ဟုတ်လား၊ မဟုတ်လား ပြန်ခေါ်ပါတယ်။ ခေါ်ပြီးတော့မှ ပါမောက္ခချုပ်ညှိနှိုင်းက ကျေနပ်ပြီဆိုမှ ကျွန်တော်တို့ဆီ တက်လာပါတယ်။ ကျွန်တော်တို့က EC ရှိပါတယ်။ EC မှာ ညွှန်ကြားရေးမှူးချုပ်တွေ အကုန် ပါ ပါတယ်။ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန် ပါတယ်။ ကြည့်တယ်။ ကြည့်ပြီး ကျွန်တော်တို့ သဘောတူတယ်။ သဘောတူတယ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြန်ပြီးတော့ လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနကို ပြန်ချလိုက်တာဖြစ်ပါတယ်။ အဲဒီတော့ ပထမဆုံး ကျွန်တော် ဘာလုပ်သလဲဆိုတော့ ခုနက ကျွန်တော်တင်ပြတဲ့ Main Postgraduate Board ရှိပါတယ်။ အကြီးဆုံး။ သူကနေ ဘာတွေ

ဆုံးဖြတ်လဲဆိုတော့ တက္ကသိုလ်အလိုက် ဖွင့်လှစ်သင့်သည့် Postgraduate သင်တန်းများ ဘာတွေ ဖွင့်ရမယ်။ ဘွဲ့လွန်ဝင်ခွင့်မှာ ဘာတွေလုပ်ရမယ်။

နောက်ပြီးတော့ ဝင်ခွင့်အရည်အချင်းကို ဘာတွေသတ်မှတ်ရမယ်။ စာမေးပွဲကို ဘယ်လိုစစ်ရမလဲ။ ဘယ်လိုပုံစံမျိုးစစ်ရမယ်။ နှုတ်မေးတဲ့အခါမှာ အပိုဆောင်း ခေါ်ယူမှုကိစ္စဟာ (၂၀)ရာခိုင်နှုန်း ပိုကွာပါတယ်။ အောင်တဲ့လူလည်း (၂၀)ဦး။ အောင်တဲ့လူက ဥပမာ အယောက်(၁၀၀)ယူမယ်ဆိုလို့ ရှိရင် နှုတ်ဖြေကို (၁၂၀)ခေါ်ပါတယ်။ (၁၀)ယောက်ရွေးမယ့် ဘာသာရပ်မှာဆိုလို့ရှိရင် နှုတ်ဖြေကို (၁၂)ယောက် ခေါ်ပါတယ်။ အဲဒီတော့ (၂၀)ရာခိုင်နှုန်း ဒါလည်း ဝန်ကြီးဌာနမဟုတ်ပါဘူး။ Main PG Board ကနေ ဆုံးဖြတ်ပြီးလုပ်ခြင်းဖြစ်ပါတယ်။

တစ်ကြိမ်တည်းမှာဘဲ ကျွန်တော်တို့က အဲဒီဟာကို Main PG Board ကနေ ခုနက ကျွန်တော့်ဆီရောက်ပြီးသား ဘာကို ပြန်ချလိုက်သလဲဆိုရင်တော့ တက္ကသိုလ်များအားလုံးကို ပြန်ချလိုက်ပါတယ်။ အသေးစိတ် စီမံချက်များရေးပေးပါ။ Power Point ပြလို့ရပြီ။ နောက်မှ ကျွန်တော် ပြန်ပြီး ရှုတ်ပြမယ်။ ဒုတိယနေ့၊ တက္ကသိုလ်များကို အသေးစိတ်စီမံကိန်း၊ စီမံချက်များ ရေးဆွဲပြီး တင်ပြပါရန်လို့ရေးလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ဆီကို ဆရာဝန်(၃၄၇) ယောက်က အသနား မေတ္တာရပ်ခံတာပေါ့လေ။ ကျွန်တော်တို့ (၂)နှစ်ပြီးမှ တက်ခွင့်ရမယ့်အစား၊ (၁)နှစ်ပြီးတာနဲ့ တက်ခွင့် ပေးပါလို့ အဲဒီလိုပြောတယ်။ အဲဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှာ အမြဲတမ်းအတွင်းဝန်နဲ့ ထိုင်ပြီးတော့ သူတို့ရဲ့ ဖြေကြားချက်ကို ကျွန်တော် သဘောတူလိုက် ပါတယ်။ ကျွန်တော့်အနေနဲ့ Post Graduate ဆရာဝန်များ များများလိုချင်ပါတယ်။

အဲဒါကြောင့် ကျွန်တော်က ခွင့်ပြုလိုက်ပါတယ်။ (၁)နှစ် ကို Service ပေါ့လေ။ လုပ်ခဲ့ပြီးရင် တက်ခွင့်ပေးလိုက်ပါတယ်။ ဒါ ကျွန်တော်တို့ လုပ်ပေးလိုက်ပါတယ်။ အဲဒီတော့ ပြီးတဲ့အခါမှာ ကျွန်တော်တို့က တက္ကသိုလ်အဆင့်ဆင့်တော့ သိပ်အသေးစိတ်ပြောလို့ရှိရင် အရမ်းကြာသွားမှာဖြစ်တဲ့ အတွက် အဲဒီဆွေးနွေးချက်တွေကိုလည်း ကျွန်တော့်အနေနဲ့ ပြန်ဆွေးနွေးတယ်။ ဆွေးနွေးပြီးတော့ Board of Study တက္ကသိုလ်ကို ပြန်ချပေးလိုက်ပါတယ်။ Board of Study ဆိုတာက အများကြီးပါ။ ဒီတက္ကသိုလ်တိုင်း တက္ကသိုလ်တိုင်းမှာ Subject တွေ ရှိပါတယ်။ အဲဒီ Board of Study က ကျေနပ်ပြီ ဆိုလို့ရှိရင် Main University Academic Board ကို ပြန်တင်တယ်။ University Board က ကြည့်လိုက်တယ်။ သဘောတူတဲ့အခါ ကျွန်တော်တို့ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကို တင်လိုက်တယ်။ တင်လိုက်ပြီးတော့ ကျွန်တော်တို့က ဘာပြန်မေးသလဲဆိုတော့ ပြန်ပြီးချပေးတယ်။ ခင်ဗျားတို့ ဒါကို ကျေနပ်လား။ ပြန်ပြီးတော့ သုံးသပ်ပါ။ ပြင်ဆင်သေးသလား၊ ထပ်တိုးသလား၊ သူတို့က သဘောတူပါတယ်လို့ ပြောတဲ့အခါမှာ ကျွန်တော်တို့ ဆီရောက်လာပါတယ်။ ကျွန်တော်တို့ EC ပြန်ထိုင်ပါတယ်။ EC ပြန်ထိုင်တဲ့အခါမှာ ကျွန်တော်တို့က သူတို့တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ EC က လုံးဝသဘောတူပါတယ်။ သူတို့လုပ်ဆောင်ချက်များ အားလုံးသည် စနစ်ကျတယ်။ Systematic ဖြစ်တယ်။ သေချာလုပ်ထားတဲ့ ကျွန်တော်တို့ သဘောတူတဲ့ အတွက်ကျတော့ သတင်းစာနဲ့ Website မှာ ကျွန်တော်တို့ ကြေညာခွင့် ပေးလိုက်ပါတယ်။ ဒါ ကျွန်တော်တို့ လုပ်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ သတင်းစာထဲ ကြေညာတွေ ပြီးတဲ့အခါမှာ ကျွန်တော်က ဘာလုပ်လဲဆိုတော့ အဲဒီတော့ တကယ် ရွေးတော့မယ့်ဟာအတွက် ကျွန်တော်တို့ အစည်းအဝေးတစ်ခု လုပ်ပါတယ်။

ဒီကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်က ကျွန်တော်တို့ ဝန်ကြီးဌာနကို တင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ Main Postgraduate Board ကို ခေါ်ခွင့်ပြုပါဆိုပြီးတော့ သူတို့က လုပ်ပါတယ်။ သူတို့က သဘောတူပါတယ်။ နောက်ပြီးတော့ အဲဒီမှာ ဆက်ပြီးတော့ ကျွန်တော် ပြောတော့ ပြောမယ်။ သိပ်အသေးစိတ်ပြောရင် အရမ်းကြာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အဲဒီမှာ Directors General and Rectors Coordination ခေါ်ပါတယ်။ ဥပမာ သူက အရမ်းမလုပ်ပါဘူး။ သေသေချာချာ ရေပက်မဝင်အောင် စနစ်တကျလုပ်ခြင်းကို ကျွန်တော် တင်ပြနေခြင်းဖြစ်ပါတယ်။ အဲဒီမှာ တက်ပြီးတော့ ခုနကပြောတဲ့ Board of Study သွားမယ်။ University Academic Board သွားမယ်။ ပြန်လာမယ်၊ ကျွန်တော်တို့ အဆင့်ဆင့်လုပ်နေပါတယ်။ လုပ်နေပြီးတော့ သတင်းစာမှာလည်း ခေါ်ပြီးပြီ။ အားလုံးပြီးတဲ့အခါမှာ ကျွန်တော်က Post Graduate Selection Board ကို ပြန်ဖွဲ့ပါတယ်။ ဖွဲ့ခွင့်တောင်းတယ်။ ကျွန်တော့်အဖွဲ့ဖြင့် သဘောတူတယ်။ ကျွန်တော့် ဗမာလိုကတော့ ဘွဲ့လွန်ဆေးပညာသင်တန်းသား ရွေးချယ်ရေးအဖွဲ့လို့ခေါ်လိုက်တယ်။ အဲဒါကို ၈-၁၀-၂၀၁၈ နေ့စွဲပါဖြင့် ကျွန်တော်တို့ ဖွဲ့စည်းပေးခဲ့ပါတယ်။

အဲဒီမှာတော့ ကျွန်တော်တို့က ဘာတွေဆုံးဖြတ်လဲဆိုတော့ ဘာသင်တန်းတွေ ခေါ်မလဲ၊ အသေးစိတ်၊ ကျောင်းသား ဘယ်လိုခေါ်မယ်။ ရေးဖြေက ဘယ်လောက်၊ သူတို့ကို ဘယ်လိုစစ်မလဲ၊ လူတွေ့ကို ဘယ်လိုစစ်မလဲ၊ လက်တွေ့ အကုန်လုံး ကျွန်တော်တို့ ချပေးတယ်။ ချပြီးတဲ့အခါမှာ ကျွန်တော်တို့က Website မှာ တင်လိုက်တယ်။ တင်ပြီးတော့ ကျွန်တော်တို့ Website မှာ သေသေချာချာ ရေးထားပါတယ်။ လျှောက်ထားစာရင်းများ ကြေညာရာတွင် သတ်မှတ်အရည်အချင်း ရမှတ်မပြည့်မီပါက လျှောက်ထားဦးရေ မည်မျှပင်ရှိစေကာမူ ရွေးချယ်မည်မဟုတ်ကြောင်း၊ ကျွန်တော် Quality ကိုသွားမှာကို၊ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့အတိုင်း အရည်အသွေးပြည့်တဲ့ ဆရာဝန်ဖြစ်ဖို့ဆိုရင် လျှောက်ထားတာက(၁၅)ယောက် လျှောက်ထားပေမယ့် ဖြေတဲ့လူက(၁၅)ယောက်မှာ သူ့လျှောက်ထားတဲ့ အမှတ်ကိုလည်း မမီဘူးဆိုရင် ကျွန်တော်တို့ မယူပါဘူး။ လျှောက်ထား(၁၅)ယောက်ဆိုရင် (၁၅)ယောက်ပြော၊ ကျွန်တော်တို့က Quality Education သွားနေပါတယ်။

ဒါမှသာလျှင် ကျွန်တော်တို့ ဆရာဝန်များဟာ အရည်အသွေး ပြည့်ဝတဲ့ ဝန်ဆောင်မှုနဲ့ ပြည်သူများကို ကုသမှုဖြစ်တဲ့အတွက် Quality မှာတော့ ကျွန်တော်တို့က လုံးဝမလျှော့ပါဘူး။ အဲဒီတော့ ပထမအကြိမ်လုပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က စာမေးပွဲတွေမေးတယ်။ အင်္ဂလိပ်စာ (၂)နာရီ၊ ပါရဂူဘွဲ့မှာတော့ ဘာသာရပ်မှာ (၃)နာရီ၊ အင်္ဂလိပ်စာမှာ(၂)နာရီ လုပ်ပါတယ်။ စာမေးပွဲတွေလည်း ရေးဖြေပြီးတော့ တစ်ခါ ကျွန်တော်တို့က ၆-၁၁-၂၀၁၈ ရက်နေ့မှာ ခုနပြောတဲ့ ဘွဲ့လွန်ဆေးပညာသင်တန်းများ ရွေးချယ် Post Graduate Selection Board ၏ ဒုတိယအကြိမ် အစည်းအဝေး ပြန်ခေါ်ပါတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့က လျှောက်ထားဦးရေတွေကို တက္ကသိုလ်တွေက ဘယ်လောက် လျှောက်ထားတယ်။

ကျွန်တော်တို့ ကုသရေးဦးစီး၊ ပြည်သူ့ကျန်းမာရေးဦးစီးက ဆရာဝန်တွေက ဘယ်လောက်လိုတယ်။ ဒါတွေနဲ့ မူတည်ပြီးတော့ ဘာသာရပ်အလိုက် နှုတ်ဖြေ ဖြေဆိုခွင့်ဦးရေ အဲဒါတွေ အကုန်လုံး သတ်မှတ်ပြီးတော့၊ ဆွေးနွေးပြီးတော့ သဘောတူပါတယ်။ အဲဒီ သဘောတူညီချက်ကိုလည်း တက္ကသိုလ် ကျန်းမာရေး လူ့စွမ်းအားနှင့် အရင်းအမြစ်ကိုတင်ပြီး ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန EC

ကိုလည်း တင်ပါတယ်။ EC မှာ ညွှန်ကြားရေးမှူးချုပ်တွေ၊ အမြဲတမ်းအတွင်းဝန်တွေ ထိုင်တယ်။ EC ကနေ ကျွန်တော်တို့က သဘောတူတယ်လို့ ပြောတဲ့အခါကျမှ ဆက်လုပ်ပြီးတော့ နှုတ်ဖြေစစ်ပါတယ်။ နှုတ်ဖြေစစ်ပြီးတဲ့အခါလည်း တစ်ခါဘာလုပ်သလဲဆိုတော့ Post Graduate Selection Board ကို တတိယအကြိမ် ပြန်ထိုင်ပါတယ်။

ကျွန်တော်တို့က အဲဒီ တတိယအကြိမ်မှာ တစ်ခါတည်း သူတို့က အကုန်ကြည့်တယ်။ နှုတ်ဖြေမေးတာမှာလည်း လူတွေက အရမ်းစီနီယာ ဖြစ်ပါတယ်။ Rectors သို့မဟုတ် Professor Emeritus ပါ ပါတယ်။ သက်ဆိုင်ရာ ဘာသာရပ်ရဲ့ ပါမောက္ခနဲ့ ဌာနမှူး ပါ ပါတယ်။ နောက်ပြီး ပညာရေးအဖွဲ့ဝင် ပါမောက္ခဌာနမှူး ပါတယ်။ သူတို့က နှုတ်ဖြေမှာလည်း နှုတ်ဖြေမေးပြီးတော့ မှတ်ချက်တွေ ရှိပါတယ်။ ဒီ တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ မှတ်ချက်တွေ၊ ပေးသင့်၊ မပေးသင့်၊ ဘာညာ အဲဒါတွေက လျှို့ဝှက်ချက်တွေပေါ့။ ဒါ သူတို့ မေးတာ ဘယ်သူမှ မသိပါဘူး။ ဒါ ကိုယ့်ဟာ ကိုယ်ရေးပြီး ပေးကြပါ။ နောက်တစ်ချက်က ဒီ စာမေးပွဲအမှတ်စစ်တဲ့ဟာမှာကိုကော၊ နှုတ်ဖြေမှာကော၊ Code စနစ်ကိုကျင့်သုံးပြီး လုပ်ပါတယ်။ နာမည်ကို လုံးဝမသိပါဘူး။ ဒေါက်တာဘယ်သူဆိုလို့ရှိရင် (၁)ဖြစ်ရင်ဖြစ်မယ်၊ နောက်က (၂)၊ အဲဒီလိုသုံးတာ။ အဲဒီ Code ကိုလည်း စာအိတ်ပိတ်ပြီး ကျွန်တော်တို့က ချိတ်ပိတ်ထားပါတယ်။ သေသေချာချာ လုပ်ပါတယ်။ ဘက်လိုက်မှုဖြစ်မှာစိုးလို့၊ တတိယအကြိမ်လုပ်ပြီး၊ တတိယအကြိမ် Postgraduate Selection Board မှာတော့ လုပ်ပြီး ကျွန်တော်တို့ တင်လိုက်တယ်။ တင်တဲ့အခါမှာ ကျွန်တော်တို့က သူတို့တင်ကတည်းက ဝန်ကြီးရုံး EC ကနေပြီးတော့ တစ်ခုမှ မပြောင်းပါဘူး။ လုံးဝသဘောတူပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တင်ပြတဲ့အခါ သေသေချာချာ စည်းစနစ်ကျပြီး Systematic လုပ်ထားတဲ့အတွက် ကျွန်တော်တို့ သဘောတူလိုက်ပါတယ်။ တစ်ခုပဲ ကျွန်တော်တို့က ခေါ်တဲ့နေရာမှာ (၂)ယောက်ပိုသွားတာက ဘာလို့ ပိုသွားသလဲဆိုတော့ အမှတ်က တူနေလို့၊ အောက်ဆုံးအမှတ်က သွားတူတဲ့အတွက် တူပါတယ်လို့ ကျွန်တော် မှတ်မိသလောက်တော့ ကလေးရောဂါပညာ ပါ ပါတယ်၊ နောက်တစ်ခု ပါ ပါတယ်၊ (၂)ယောက် ပိုထားပါတယ်။ ဒါပါပဲ။

အဲဒီတော့ ကျွန်တော်ဆိုလိုတာကတော့ ဘွဲ့လွန်ဆေးပညာသင်တန်းများ ခေါ်ယူရန် အထက်ပါအတိုင်း စနစ်တကျ အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့် ပွင့်လင်းမြင်သာမှု လုံးဝလုံးဝ ကွာဝေးခြင်းဖြစ်ပါတယ်။ အကုန်လုံး step by step အဲဒီလို သွားခြင်းဖြစ်ပါတယ်။ တော်တော်လည်း လက်ဝင်ပါတယ်။ တော်တော်လည်း ပင်ပန်းပါတယ်။ ကျွန်တော်တို့တွေက ဒီဟာကို သေသေချာချာ လုပ်ရခြင်းဖြစ်ပါတယ်။ အစည်းအဝေးတစ်ခုမှာဆိုလို့ရှိရင် တစ်ခုချင်း တစ်ခုချင်းဟာ တော်တော်လည်း ပင်ပန်းပါတယ်။ မှန်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ဟာ အတိအကျကို ကျွန်တော်ထပ်ဖြေပါမယ်။ (၁)ကမေးထားတာက နှုတ်ဖြေစာမေးပွဲ ဖြေဆိုမည့်စာရင်းတွင် လျာထားတဲ့(၂၀)ရာခိုင်နှုန်း ခေါ်ယူထားကြောင်းကို ကြိုတင်ကြေညာထားခြင်းမရှိဘဲ တက်ရောက်ခွင့် အောင်စာရင်းထွက်ပြီးမှ သက်ဆိုင်ရာ ပါမောက္ခချုပ်များထံ သွားရောက် စုံစမ်းမေးမြန်းသည့်အခါမှသာ သိရှိသည်ဆိုသော အချက်နဲ့ စာမေးပွဲနှင့်ပတ်သက်သည့်ကိစ္စရပ်ဟာ စာမေးပွဲဆိုတာ ယှဉ်ပြိုင်ဖြေဆိုရမည့်ကိစ္စ ဖြစ်တယ်။ ရေးဖြေသူတိုင်းအား လူတွေ့၊ နှုတ်ဖြေ အောင်ပေးရမှာ မဖြစ်နိုင်ပါဘူး။ အဲဒီတော့ ဤစာမေးပွဲသည်

ယှဉ်ပြိုင်ရွေးချယ်ခြင်း ပုံစံဖြစ်သဖြင့်လည်းကောင်း၊ အောင်မှတ်သတ်မှတ်ထားခြင်းမရှိဘဲလည်းကောင်း၊ ကျွန်တော်အောင်မှတ် မသတ်မှတ်ထားပါဘူး။ အပေါ်ကချည်းပဲ ရွေးတာပါ။ သတ်မှတ်ထားခြင်းမရှိဘဲ အရည်အချင်းပြည့်မီသူကိုသာ ရွေးချယ်ခြင်းဖြစ်သဖြင့်လည်းကောင်း၊ စာမေးပွဲကိစ္စရပ်တိုင်းသည် လျှို့ဝှက်သည့်ကိစ္စရပ်များဖြစ်သဖြင့်လည်းကောင်း၊ Postgraduate Selection Board ဖွဲ့စည်းပြီး စနစ်တကျစစ်ဆေးခြင်းဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း၊ ပါမောက္ခချုပ်နှင့် ဘာသာရပ်ပါမောက္ခ/ ဌာနမှူးများကလည်း ၎င်းအချက်ကို သိရှိပြီးဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ လက်ခံသင်ကြား ပေးနိုင်မည့် လျာထားဦးရေ သတ်မှတ်စစ်ဆေး၊ ယှဉ်ပြိုင်ရွေးချယ်သည့် စာမေးပွဲဖြစ်သဖြင့် ထိုစာမေးပွဲ၏ သဘောသဘာဝအရ ဖြေဆိုသူအားလုံး ရာခိုင်နှုန်းပြည့် အောင်မြင်အောင် ပေးနိုင်မည်ဆိုတာကို မဖြစ်နိုင်ပါဘူး။ စာမေးပွဲဖြေဆိုသူများအနေနဲ့ လက်ခံဖြေဆိုသူများအနေဖြင့်လည်း လက်ခံသင်ကြားပေး နိုင်မည့် လျာထားဦးရေကို ကြိုတင်ကြေညာ သိရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကြိုတင်သိရှိပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ ဘယ်ဘာသာမှာ ဘယ်နှစ်ယောက်ယူမယ်၊ ဥပမာ မဟာသိပ္ပံဆေးပညာမှာ မန္တလေးက ဘယ်နှစ်ယောက်၊ ရန်ကုန်က ဘယ်နှစ်ယောက်၊ မကွေးက ဘယ်နှစ်ယောက် အဲဒီလို သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ တစ်ခုနဲ့တစ်ခု မတူပါဘူး။ မတူဘူးဆိုတာ သူတို့ရဲ့ သင်ကြားနိုင်တဲ့ Capability ပေါ့။ ဆရာရှိမှု စသည်ပေါ့။ အဲဒီအပေါ်မူတည်ပြီး သတ်မှတ်ခြင်းဖြစ်ပါတယ်။ နောက်တစ်ခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းဖြစ်တဲ့(၃)နဲ့ (၄)ကို ပေါင်းဖြေပါမယ်။ (၃)နဲ့ (၄)ကတော့ Viva အောင်စာရင်းတွင် ကျွန်တော်တို့ကတော့ လျာထားဦးရေအတိုင်း ခေါ်ယူခဲ့သော်လည်း အချို့ဘာသာရပ် များတွင် တစ်ခုနှင့်တစ်ခုကြား ကွဲလွဲမှုများရှိခြင်း၊ ဆေးတက္ကသိုလ် မန္တလေးမှာလို့ ပြောပါတယ်။ လျာထားဦးရေနှင့် ရွေးချယ်ခေါ်ယူရေးကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့က ဒီ ပါမောက္ခချုပ် ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၈)မှာ ဆွေးနွေးပြီး ဒီကိစ္စကို ပါမောက္ခချုပ်အားလုံးကလည်း သိပါတယ်။ အဆိုပါကွဲလွဲမှုကိစ္စနှင့်ပတ်သက်ပြီးတော့ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်က ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ကို ၁၄-၁၂-၂၀၁၈ ရက်နေ့မှာ ရှင်းလင်းတင်ပြရန် ကျွန်တော်တို့ အကြောင်း ကြားခဲ့ပါတယ်။

အဲဒီတော့ ဆေးတက္ကသိုလ်ပါမောက္ခချုပ်က ဖြစ်တဲ့ဖြစ်စဉ်ကို ပြန်အကြောင်းကြားတယ်။ အကြောင်းကြားတဲ့အခါမှာ ကျွန်တော်တို့က ဒီဟာများယွင်းမှုရှိတာကို တွေ့တယ်။ အဲဒီတော့ ဆိုလိုတာက သတ်မှတ်ချက်များနှင့် ကွဲလွဲရခြင်းမှာ ဌာနမှူးများ အပြောင်းအလဲရှိခြင်း၊ ၎င်းတက္ကသိုလ်မှ သက်ဆိုင်ရာ ဘာသာရပ်ဌာနမှူးများထံသို့ စာရင်း(၂)ကြိမ်၊ တောင်းခံမိခြင်းကြောင့် သတ်မှတ်စာရင်းနှင့် ကွဲလွဲမှုများ ရှိခြင်းဖြစ်ပါကြောင်း အကြောင်းပြန်တယ်။ အဲဒါကြောင့် ကျွန်တော်တို့က ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန EC မှာ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်း(၄)ဖြစ်တဲ့ လျာထားဦးရေထက် ပိုခေါ်ခြင်း၊ လျော့ခေါ်ခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား တင်ပြခဲ့သော်လည်း တိကျသော အကြောင်းပြချက်မျိုးလည်း Typing Error ဖြစ်နိုင်သည်ဟု ဖြေရှင်းခဲ့သည်ဟူသောအပေါ် နစ်နာသော ကျောင်းသူ၊ ကျောင်းသားများအပေါ် ဖြေရှင်းချက် တစ်စုံတစ်ရာပေးခြင်းမရှိဟု ဖော်ပြထားခြင်းအချက်နှင့်ပတ်သက်၍ ထိုစဉ်က ကွဲလွဲ ချက်၏ အကြောင်းအရင်းကို မသိရသေးခင် Typing Error ဖြစ်နိုင်သေးသည်ဟု ပြောဆိုခဲ့သည်ဟု ကျွန်တော်ယူဆပါတယ်။ သို့သော် ကျွန်တော်တို့က Website တွင် လျာထားဦးရေ ကြေညာစဉ်

အချိန်က သတ်မှတ်အရည်အချင်း မပြည့်ပါက လျာထားဦးရေမည်မျှပင် ရှိစေကာမူ ရွေးချယ်မည် မဟုတ်ကြောင်း ကြေညာထားပြီးဖြစ်ပါတယ်။ တက္ကသိုလ်မှ ကျင့်သုံးနေသော စာမေးပွဲ စည်းမျဉ်း စည်းကမ်းအရ ပုဂ္ဂိုလ်တစ်ဦးချင်းဆီကိုတော့ ကျွန်တော်တို့ ဖြေရှင်းဖို့ မလိုဘူးထင်ပါတယ်။

နံပါတ်(၅)ဖြစ်တဲ့ Viva စာမေးပွဲတွင် လုပ်သက်၊ နယ်ဝေးရမှတ်ကသာ အဓိက အဆုံးအဖြတ် ဖြစ်သည်ဟု ပြောကြားခဲ့သော်လည်း နယ်ဝေးတွင် တာဝန်ထမ်းဆောင်လျက်ရှိခဲ့သည့် လုပ်သက်များရင် များသလို ရွေးချယ်ခြင်းမခံရပါ။ သက်ဆိုင်ရာ ဘာသာရပ်တွင် ဒီပလိုမာထွက်ရှိပြီး နယ်ဝေးတွင် တာဝန်ထမ်းဆောင်နေသော လုပ်သက်(၄)နှစ်အထက် ရှိသူများလည်း ရွေးချယ်ခြင်းမခံရပါဟု ဖော်ပြ ထားသော မေးခွန်းနှင့်ပတ်သက်၍ မိမိအနေနဲ့ ဒီကိစ္စနှင့်ပတ်သက်ပြီး မည်သူ့ထံမှ ဒီသတင်းကို ကြားခဲ့ သည်ဟု သိလိုပါသည်။

ဘွဲ့လွန်ဆေးပညာသင်ခွင့်သင်တန်း ဝင်ခွင့်စာမေးပွဲသည် လုပ်သက်တစ်ခုတည်းနဲ့ ရွေးချယ် တယ်ဆိုတာဟာ မဟုတ်ပါဘူး။ လူနာများ၏အသက်ကို အထူးကုဆရာဝန်တစ်ယောက်အနေနှင့် ကုသရန် သင်တန်းတက်ခွင့်ပြုရေး စစ်ဆေးသော စာမေးပွဲဖြစ်သည့်အတွက် ဖြေဆိုသူအနေဖြင့် Post Graduate Selection Board မှ ဆုံးဖြတ်သတ်မှတ်ထားသော အရည်အချင်းပြည့်မီရန် လိုပါတယ်။ လုပ်သက်တစ်ခုတည်းနဲ့ ကျွန်တော်တို့ ရွေးမယ်ဆိုရင်တော့ စာမေးပွဲစစ်ရန်မလိုဘဲ လုပ်သက်အရ သာလျှင် တက်ရောက်ခွင့်ရမှာ ဖြစ်ပါတယ်။ ယခုဘွဲ့လွန်ဆေးပညာ သင်တန်းသားများ ဝင်ခွင့် ရွေးချယ်ရေးစနစ်သည် ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ စစ်ဆေးပြီး ရေးဖြေရမှတ်နှင့် နှုတ်ဖြေအမှတ် ပေးမှုတွင် နယ်နှင့်ဝေးလံခက်ခဲသောဒေသများအတွက် Post Graduate Selection Board မှ သတ်မှတ်ပေးသည့် ထပ်ဆောင်းအမှတ်နဲ့လည်း ပေးပါတယ်။ သူ့ဟာနဲ့သူ လုပ်သက်ကို ပေးတယ်။ နယ်ဝေးမှာသွားတာ ပေးပါတယ်။ ဒီအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးထားတဲ့ အဆင့်ဆင့် ဒီပလိုမာရရှိသူများကိုလည်း လုပ်သက်ရမှတ်နဲ့ နယ်နဲ့ဝေးလံခက်ခဲသည့် ရမှတ်များအပြင် ဒီပလိုမာ အတွက် သီးခြား ထပ်ဆောင်းအမှတ်များလည်း ပေးပါတယ်။ သို့သော်လည်း သူမပါခြင်းသည် သူသီအိုရီဖြေတဲ့အခါမှာ အမှတ်နည်းသွားလို့သာလျှင် မပါခြင်းဖြစ်ပါတယ်။ အဲဒါကို ကျွန်တော် တင်ပြ လိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့နံပါတ်(၆) ရှိပါတယ်။ ယခုနှစ်တွင် Viva ပုံစံကို ပြန်လည်စိစစ်မည်ဟု ပြောသော်လည်း ယခင့် ယခင်နှစ်များအတိုင်း အလားတူ မေးမြန်းခဲ့ပြီး မူဝါဒ များ ပြောင်းလဲပြင်ဆင်မှုများ၊ တိကျသော လမ်းညွှန်ချက်များ၊ ထုတ်ပြန်ခြင်းမရှိခြင်း၊ မေးမြန်းခြင်းနှင့် ပတ်သက်၍ ကျွန်တော်တို့ အထက်မှာ ဖြေဆိုထားတဲ့အတိုင်း ယခုနှစ်အတွက် နှုတ်ဖြေမေးခွန်းပုံစံ၊ အမှတ်ပေးပုံစံ၊ နက်နဲခက်ခဲတဲ့ဒေသ၊ လုပ်သက်ရမှတ်သတ်မှတ်ခြင်းများကို ဆေးပညာ TAG Clinical Domain ရဲ့ အကြံဉာဏ်ပေးမှု၊ Main Post Graduate Board ရဲ့ အကြံပေးမှုတွေကိုများ စဉ်းစား၍ ပြောလိုခြင်းဖြစ်ပါတယ်။ တက္ကသိုလ်အလိုက် မိမိတက္ကသိုလ်ပညာရေးအဖွဲ့မှလည်း ဒီကိစ္စတွေကို ဆွေးနွေးပြီးဖြစ်ပါတယ်။ ဘယ်လောက်အမှတ်ပေးရမယ်။ ဘာဖြစ်တယ်။ သူတို့ဆွေးနွေးပြီး ဖြစ်ပါတယ်။ ထို့အပြင် ပါမောက္ခချုပ် ညှိနှိုင်းအစည်းအဝေးမှာလည်း ဒါတွေကို အကုန်ဆွေးနွေးပြီး ဖြစ်ပါတယ်။ ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးမှာလည်း အားလုံးဆွေးနွေးပြီးမှ ကျွန်တော်တို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၇)ဖြစ်တဲ့ TAG Clinical Domain ရေးဖြေအောင်မြင်ပြီး Viva နှုတ်ဖြေ ဖြေဆိုပြီးနောက် တက်ရောက်ခွင့်မရပုံကို မည်သည့်တာဝန်ရှိသူကမှ ဖြေရှင်းခြင်း၊ တာဝန်ယူခြင်းမရှိခဲ့ပါ။ ထို့နောက် ပွင့်လင်းမြင်သာမှုမရှိသော၊ တရားမျှတမှုမရှိသော၊ ဆေးပညာမဟာသိပ္ပံဘွဲ့လွန် ဝင်ခွင့်စာမေးပွဲ ရလဒ်များကို ပြန်လည်စိစစ် ဒါတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က ဒီဇင်ဘာလ ၁၀ ရက်နေ့က ဆေးတက္ကသိုလ်များမှာ ဘွဲ့လွန်သင်တန်းပြီးလို့ ဝင်ခွင့် ရေးဖြေအောင်တယ်။ နှုတ်ဖြေအောင်မြင်ခြင်း မရှိသူများအနက်မှ နိုင်ငံ့ဝန်ထမ်းဆရာဝန်(၄၆)ဦးကို ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနကိုလာတွေ့ပါတယ်။ လာတွေ့တဲ့အခါမှာလည်း ကျွန်တော်တို့မှာ အမြဲတမ်းအတွင်းဝန်၊ လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အခြားအရာရှိကြီးများကတွေ့ဆုံပြီး သူတို့ကို သေသေချာချာ ကျွန်တော်တို့ ရှင်းပြပါတယ်။ အသေးစိတ်ကို ရှင်းပြခြင်း ဖြစ်ပါတယ်။ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဒါ အတိုချုပ်ပဲပြောပါမယ်။ ဘွဲ့လွန်သင်တန်းများရဲ့ အရည်အသွေးတိုးမြှင့်ရေး ဆောင်ရွက်မှုကတော့ ကျွန်တော်တို့ အများကြီးလုပ်ထားပါတယ်။ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ နိုင်ငံခြားလွှတ်ပြီး ပြန်လာတဲ့ပါရဂူဘွဲ့ (၅၃)ဦးရှိပါတယ်။ မဟာသိပ္ပံဘွဲ့(၇၅)ဦးရှိပါတယ်။ (၆)လနှင့်အောက် သင်တန်း(၁၀၈၅)ဦးဖြစ်ပါတယ်။ (၆)လအထက်ကို (၂၅၈)ဦးထည့်ထားပါတယ်။ စုစုပေါင်း ကျွန်တော်တို့ Workshop Training ကျွန်တော်တို့ (၆၀၀၀)နီးပါး ကျွန်တော်တို့ လွှတ်ပြီးပါပြီ။ အခုအချိန်အထိ ၁-၄-၂၀၁၆ ကနေ ကျွန်တော်တို့ ဒီကိစ္စ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အရည်အသွေးဝန်ဆောင်မှု တိုးတက်မှုဟာ ဒီလိုသင်တန်းတွေပေးမှ ရမှာ ဖြစ်ပါတယ်။ ဒါကို ဦးစားပေးအနေဖြင့် နောင်လည်း အများကြီးလွှတ်ဖို့ ရှိပါတယ်။

ထို့ပြင် ကျွန်တော်တို့က ဒီဆေးကုသရေးပိုင်းမှာဆိုရင် ဗြိတိန်နိုင်ငံ၊ တော်ဝင်သမားတော်နှင့် ချိတ်ဆက်ပြီး MRCP, MRCPCH, MRCOG, MRCS စသော အကုန်လုံးပူးပေါင်းပြီး မြန်မာပြည်မှာ လာစစ်ပြီး အများကြီးတက်နေပါတယ်။ ထို့အပြင် ကျွန်တော်တို့ နိုင်ငံတကာအဖွဲ့ကြီးတွေနဲ့ MoU တို့နဲ့ တွဲပြီးလုပ်ပါတယ်။ ဆေးတက္ကသိုလ်(၁)ဆိုရင် (၁၀)ခုရှိပါတယ်။ (၂)ဆိုရင် (၁၃)ခုရှိပါတယ်။ မကွေးက (၄)ခုရှိပါတယ်။ မန္တလေး(၁၁)ခုရှိပါတယ်။ တောင်ကြီး(၁)ခုရှိပါတယ်။ နိုင်ငံခြားတက္ကသိုလ်များနဲ့ MoU လက်မှတ်ရေးထိုးပြီး ကျွန်တော်တို့ လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ ထို့အပြင် ကျွန်တော်တို့အနေနဲ့က အများကြီးတော့ မပြောတော့ပါဘူး။ ကျွန်တော် ဒီပြည်ပဆရာဝန်များအနေနဲ့ကဆိုရင် နှလုံးရောဂါမှာ လာခဲ့တာ Group တွေ (၅၅)ကြိမ်ခဲ့တယ်။ မျက်စိမှာ (၃၀)ကြိမ်ခဲ့တယ်။ အစာအိမ်၊ အူလမ်းကြောင်းနဲ့ အသည်းခွဲစိတ်(၂၆)ကြိမ်၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ (၂၆)ကြိမ်၊ အရိုးရောဂါ အကြိမ်(၂၀) အများကြီး ပါပဲ။ ဒါတွေကို ကျွန်တော် ဖတ်နေရင် မပြီးပါဘူး။ ကျွန်တော်ဆိုလိုတာက ဒီလို ကျွန်တော်တို့က ကိုယ့်ဟာကို မလုပ်ပါဘူး။ နိုင်ငံခြားမှာရှိတဲ့ တကယ့်နာမည်ကြီး ဆေးရုံတွေ၊ အမေရိကန်နိုင်ငံတွေက လာပါတယ်။ အင်္ဂလန်၊ အမေရိကန်၊ ကိုရီးယား လာပါတယ်။ ယိုးဒယားလည်း လာပါတယ်။ စင်ကာပူ အများကြီးလာပြီး ကျွန်တော်တို့ အတူတူတွဲပြီး လုပ်ပါတယ်။

အထူးသဖြင့်ဆိုလို့ရှိရင် အသည်း အစားထိုးမှာဆိုလို့ရှိရင် ကျွန်တော်တို့ အရမ်းအောင်မြင် လာပြီ။ ကိုရီးယားကလာတာ၊ အများကြီးပါပဲ။ ဒါတွေက နောက်တစ်ချက်က ကျွန်တော် အကုန်တော့ မပြောပါဘူး။ ကျွန်တော်တို့ဟာ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများရဲ့ သင်ရိုးညွှန်းတမ်းတွေကို ကျွန်တော် ကိုယ့်ဟာကိုယ်မလုပ်ပါဘူး။ World Federation For Medical Education၊ (WFME) ၏ Global

Standards များနှင့်အညီ Outcome Based၊ Competency Based၊ သင်ရိုးညွှန်းတမ်းများပြောင်းလဲပြီး ကျွန်တော်တို့ သင်နေပါပြီ။ အခုလာမယ့် ၂၀၂၂ ခုနှစ်မှာဆိုလို့ရှိရင် ကျွန်တော်တို့က Integrated Teaching ကို ကျွန်တော်တို့ စတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီလောက်အထိ လုပ်နေပါတယ်။ နောက်ပြီးတော့ အဆင့်မြင့် ဓာတ်ခွဲဆိုရင် ကျွန်တော်တို့ National Skills၊ Skill Centre (၉)ထပ်ကြီးရှိပါတယ်။ ရန်ကုန်မှာ ဒီနှစ်မှာ ပေးဖို့ရှိပါတယ်။ အကုန်လုံး တကယ့်နောက်ဆုံးပေါ် Equipment အနေနဲ့ ကျွန်တော် Training ပေးမှာပါ။ ဆရာဝန်တွေကို။ (၈)ထပ်အဆောင်ကြီး၊ ဒါ ဒီနှစ်ကို အပြီးဆောက်နေပါတယ်။ အဲဒီတော့ စာကြည့်တိုက်တွေကိုလည်း လုပ်ပါတယ်။ Manage Equation Unit တွေကိုလည်း ကျွန်တော်တို့ အများကြီး၊ အများကြီး လုပ်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့သည် ဒီဆေးပညာသည် အထူးသဖြင့် Informant Department of Human Resource for Health ပေါ့၊ ဒီကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုလုံးရဲ့ အသက်သွေးကြောဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီမှာ လုံးဝမလျော့ပါဘူး။ Quality ကို ကျွန်တော်တို့ သွားနေပါတယ်။ အရည်အသွေး ပြည့်ဝသော ဆရာဝန်ကို သွားနေခြင်းဖြစ်တယ်ဆိုတာကို ကျွန်တော် ဒီနေရာမှာ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ကျွန်တော့်အနေနဲ့ နောက်ဆုံးမေးခွန်းဖြစ်တဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ရဲ့ မေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ (၁၆)ခုတင်ဆံ့ ဆေးရုံ သို့မဟုတ် တိုင်းရင်းဆေးကုဌာနဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ခုန တင်ပြတဲ့အတိုင်းပဲ တိုင်းရင်းဆေးပညာဦးစီးဌာနများရဲ့ ဖွင့်မယ်ဆိုလို့ရှိရင် ဒီမြေနေရာ အနေအထား၊ ပိုင်ဆိုင်မှု၊ မြေအကျယ်၊ လူဦးရေသိပ်သည်းမှု၊ လမ်းပန်းဆက်သွယ်ရေး၊ တိုင်းရင်းဆေး အင်အားကို လူတွေက ယုံကြည်မှု ရှိ/မရှိ အစရှိသည့်အပေါ်မှာမူတည်ပြီး ကျွန်တော်တို့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသော မိုးညိုမြို့နယ် တည်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်မှာတော့ ခရိုင်တိုင်းရင်းဆေးကုဌာန၊ သာယာဝတီ(၁)ခု ရှိပါတယ်။ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၊ ကြို့ပင်ကောက်(၁)ခုရှိပါတယ်။ တိုင်းရင်းဆေးကုဌာန သာယာဝတီမှာ (၁)ခု၊ စစ်ကွင်း၊ မင်းလှမှာ (၁)ခု၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်းမှာ ဖွင့်လှစ်ထားရှိပြီး လုပ်ပါတယ်။ နောက် အုတ်ဖိုမြို့နယ်၊ အေးမြသာယာမြို့မှာလည်း တစ်ပတ်လျှင် (၂)ကြိမ် ကွင်းဆင်းကုသမှုများ ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီတော့ ဒီမှာ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာလည်း ဘယ်လိုသွားတွေ့လဲဆိုတော့ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၌ တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်နိုင်ရန် သာယာဝတီခရိုင်၊ တိုင်းရင်းဆေးကုဌာနမှ ခရိုင်တိုင်းရင်းဆေးမှူးအား တာဝန်ပေး၍ စုံစမ်းခဲ့ရာ မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာနမှူး၊ အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူးတို့နဲ့ ၂၁-၁-၂၀၁၉ ရက်နေ့မှာ ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ ပြောပါတယ်။ မိုးညိုမြို့နယ်မှာ မြေလွတ်များရှိပါတယ်။ လုပ်ထုံးလုပ်နည်းများဖြင့် ကျွန်တော်တို့ တိုင်းရင်းဆေးဦးစီးဌာနပိုင်အဖြစ် လျှောက်ထားနိုင်ကြောင်း ပြန်လည်သိရှိရပါတယ်။ ဆိုလိုတာကတော့ မိုးညိုမြို့နယ်မှာ ဖွင့်မယ်ဆိုရင် ကျွန်တော်တို့ပိုင်တဲ့မြေ မရှိသေးပါဘူး။ အဲဒါကြောင့်

ဒီဖွင့်လှစ်နိုင်ရန်တော့ ကျွန်တော်တို့ မြေနေရာကို သာယာဝတီခရိုင်၊ တိုင်းရင်းဆေးဦးစီးမှာ လုပ်ထုံးလုပ်နည်းများအနေဖြင့် ဆက်လက်ဆောင်ရွက်ဖို့ လိုပါတယ်။ အကယ်၍ ဒီမြေနေရာသာ ရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒီမှာဖွင့်ဖို့ကို စဉ်းစားမှာဖြစ်ပါတယ်။ မြေနေရာရပြီဆိုမှသာလျှင် ဘတ်ဂျက်ထဲမှာ ကျွန်တော်တို့ ထည့်ပါမယ်။ မြေနေရာမရဘဲတော့ ကျွန်တော်တို့ ထည့်မည်မဟုတ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၁:၁၁။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ အားကစားရုံ စပြီးအကောင်အထည်ဖော်နေပါပြီ။ မြေနေရာ(၁၀)ဧက ညှိဖို့လည်း ကျပ်သန်းပေါင်းများစွာ ကုန်ကျမည်ဖြစ်ပါတယ်။ ကိုးကန့်တိုင်းရင်းသားများရဲ့ အမျိုးသားနေ့ ကျင်းပနိုင်ရေးအတွက် အားကစားရုံကို ၂၀၁၉ ခုနှစ်၊ နှစ်ကုန်ပိုင်းမှာ ပြီးစီးအောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အလှူရှင်များလည်း ကျွန်တော်တို့ ရှာထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုပါတယ်။

**ဥက္ကဋ္ဌ။**　　။ ခင်ဗျား ပိုက်ဆံတွေကုန်တယ်။ ခင်ဗျားမေးထားတာ တန်ဖိုးက ၂၀၁၈-၂၀၁၉။ ဖြည့်စွက်ရန်ပုံငွေ၊ သူက ဖြည့်စွက်ရန်ပုံငွေမှာ ထည့်လို့မရဘူး ပြောထားတယ်။

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ ဟုတ်ကဲ့။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။**　　။ ခင်ဗျား မေးခွန်း အသစ်ဖြစ်သွားပြီ ဖြည့်စွက်ရန်ပုံငွေမှာ ပြောတယ်လေ။ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်လို့မရဘူး။ ခင်ဗျား ဖြည့်စွက်ရန်ပုံငွေထဲ ထည့်ခိုင်းတာကို။ မေးခွန်းမှာက

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ ဟုတ်ကဲ့။ ဟုတ်ကဲ့။ ၂၀၁၉-၂၀၂၀ ကျွန်တော်တို့ကတော့ လောနေလို့ပါဗျား။ ဥက္ကဋ္ဌကြီး ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။**　　။ ၂၀၁၉-၂၀၂၀ ကျတော့ ဖြည့်စွက်ဘယ်ဟုတ်တော့မလဲ။ ဘတ်ဂျက်ကြီးဖြစ်သွားမှာပေါ့။

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ ဟုတ်ကဲ့။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။**　　။ ကဲကဲ ဝန်ကြီး ဖြေပေးနိုင်လည်း ဖြေပေးလိုက်ပါ။

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။**　　။ မေးတဲ့ မေးခွန်းပဲ ဖြေခြင်းဖြစ်ပါတယ်။ ဖြည့်စွက်မှာ တောင်းတော့ ဖြည့်စွက်မှာ အသစ်မရဘူးဆိုတာဘဲ ကျွန်တော်က ဖြေကြားခြင်းဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၁၇-၉-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ကျန်းမာလို့ စိတ်ချမ်းသာကြပါစေကြောင်း ဂါရဝပြုပြီး နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေအပေါ်မှာ ကျွန်တော့်အနေနဲ့ ဒီ အဓိပ္ပာယ်ဖွင့်ဆိုချက် (၂)ခုနဲ့ ပုဒ်မ(၁)ခုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥပဒေရဲ့ ကျွန်တော်တို့ ပြဋ္ဌာန်းချက်(၁)ခုရဲ့ ဒီဥပဒေ(၁)ခုရဲ့ စကားရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုတဲ့ဟာသည် အဲဒီဥပဒေရဲ့ တန်ဆာပလာ (၁)ခုဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းချက်များရဲ့ ဆိုလိုရင်းကို သိစေနိုင်တဲ့ အဘိဓာန်လည်း ဖြစ်တဲ့အတွက် ဒီဥပဒေကို ပြည်သူအများကနေ အလွယ်တကူ နားလည်လွယ်၊ ရှင်းလင်းစွာ သိရှိနိုင်သလို တရားဥပဒေစိုးမိုးဖို့ကိစ္စမှာလည်း ဒီအဓိပ္ပာယ်ဖွင့်ဆိုချက် အကြောင်းအရာတွေဟာ အင်မတန်အရေးပါကြောင်း ဦးစွာပထမ လေးစားစွာ တင်ပြလိုပါတယ်။

အဲဒီတော့ ဒီဥပဒေရဲ့ ပုဒ်မ ၃(ခ)မှာ မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် ဆိုသည်မှာ ဆိုပြီးတော့ ဒီအဓိပ္ပာယ်ဖွင့်ဆိုထားတဲ့နေရာမှာ မြေတိုင်းမှတ်တိုင်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ မိုင်(၁၀၀)၊ မိုင်(၂၀၀)၊ မိုင်(၃၀၀)စသည်ဖြင့် မိုင်တိုင်တွေကို ဆိုလိုတာဖြစ်ပြီးတော့ နယ်နိမိတ်မှတ်တိုင် ဆိုတဲ့ဟာကတော့ ကျွန်တော်တို့ ဒါ ရန်ကုန်နယ်နိမိတ်အဆုံး၊ ပြီးရင် ပဲခူးနယ်နိမိတ်အစ အဲဒီလိုမျိုး နယ်နိမိတ်မှတ်တိုင်များကို ဆိုလိုတယ်လို့ ကျွန်တော် နားလည်ထားပါတယ်။ အဲဒီတော့ ဒီပုဒ်မ ၃(ခ)ရဲ့ ပြဋ္ဌာန်းချက်မှာ ကျွန်တော်တို့ ဒီ နယ်နိမိတ် ကြီးကြပ်တဲ့အရာရှိကနေပြီးတော့ နေရာသတ်မှတ်တဲ့ ကိစ္စရယ်၊ အမှတ်အသားပြုတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြေတိုင်းတာတဲ့ကိစ္စတွေ ကိုပဲ ပြောသွားပြီးတော့ နယ်နိမိတ်မှတ်တိုင်ကိစ္စကို မပါတဲ့အတွက် ကျွန်တော်က ဒီလိုဖြည့်စွက်ဖို့

အကြံပြုဆွေးနွေးလိုပါတယ်။ ပုဒ်မ ၃(ခ)မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ဆိုသည်မှာ နယ်နိမိတ် ကြီးကြပ်အရာရှိက မြေတိုင်းတာရာ သို့မဟုတ် နယ်နိမိတ် သတ်မှတ်ရာနေရာများကို သော်လည်းကောင်း၊ မြေတိုင်းတာရာ သို့မဟုတ် နယ်နိမိတ်သတ်မှတ်ရာ အမှတ်အသားများကို သော်လည်းကောင်း ဆိုပြီးတော့ အဲဒီလို ဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ ဒီလိုလုပ်ဖို့ အကြံပြုလိုပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ပုဒ်မ ၃(ဂ)ပါ။ စာချုပ်စာတမ်းဆိုတဲ့ အဓိပ္ပာယ်ပါ။ အဲဒီတော့ စာတမ်းဆိုတာကတော့ ကျွန်တော်တို့ အမျိုးစုံရှိနိုင်ပေမယ့် စာချုပ်ဆိုတာကတော့ နှစ်ဖက် ဒါမှမဟုတ် နှစ်ဖက်ထက် ပိုတဲ့လူတွေ သဘောတူချုပ်ဆိုထားတဲ့အရာကို ဆိုလိုတာဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဒီစာချုပ်စာတမ်းဆိုသည်မှာ အကြောင်းအရာတစ်ခုကို မှတ်သားအသုံးပြုရန် ကြံရွယ်၍ စာဖြင့်သော်လည်းကောင်း၊ ဂဏန်းဖြင့်သော်လည်းကောင်း၊ အမှတ်အသားဖြင့်သော်လည်းကောင်း တစ်နည်းနည်း ထက်ပိုသော နည်းလမ်းဖြင့်သော်လည်းကောင်း၊ အရာဝတ္ထုတစ်ခုပေါ်တွင် ရေးသား ထားသည့် သို့မဟုတ် ဖော်ပြထားသည့် စာတမ်းအမှတ်အသားတစ်ခု ဖြစ်သည်လို့ ဆိုမယ့်အစား အရာဝတ္ထုတစ်ခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် နှစ်ဖက် သို့မဟုတ် နှစ်ဖက်ထက်ပိုသော သက်ဆိုင်သူများ ရှေ့မှောက်တွင် ပြုလုပ်သည့် စာတမ်းအမှတ်အသားကို ဆိုသည် ဆိုတော့ ဖြည့်စွက်ဖို့ လိုတယ်လို့ အကြံပြုလိုပါတယ်။ နောက် အဲဒီအပိုဒ်မှာပဲ စာချုပ်ဆိုတဲ့ဟာနဲ့ ပတ်သက်ပြီးတော့ ကတိစာချုပ်ဆိုတဲ့နေရာမှာ ကတိပဋိညာဉ်စာချုပ်လို့ ဖြည့်စွက်လိုပါတယ်။

နောက်တစ်ခု ဆွေးနွေးလိုတာကတော့ နောက်ဆုံးပုဒ်မပါ။ ကျွန်တော်တို့ အမျိုးသား လွှတ်တော်က ဖြည့်စွက်ထားပြီးတော့ ပြည်သူ့လွှတ်တော်ကနေ ပယ်ဖျက်ထားတဲ့ ပုဒ်မ ၂၃ ပါ။ အဲဒီ ပုဒ်မ ၂၃ က ဘာဖြစ်လို့ ဖြည့်စွက်ဖို့လိုလည်းဆိုတော့ ဒီလိုနယ်နိမိတ်သတ်မှတ်တဲ့နေရာမှာ ပိုင်ရှင် အချင်းချင်းအငြင်းပွားရင် ဘယ်လိုလုပ်ရမလဲဆိုတာ ပုဒ်မ ၈ မှာ ပါ ပါတယ်။ ကျွန်တော်တို့ မြို့နယ် အချင်းချင်းအငြင်းပွားရင် ကျွန်တော်တို့ ရပ်ကွက်အချင်းချင်းအငြင်းပွားရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရတွေကနေ အပြီးအပြတ် ဖြေရှင်းလို့ရတယ်ဆိုပေမယ့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အချင်းချင်းအငြင်းပွားရင် ဘယ်လိုဖြေရှင်းရမလဲဆိုတာ အဲဒီဟာ မပါတဲ့အတွက် အဲဒီအချက်အလက်ကို ဖြည့်ဖို့လိုပါတယ်။ ဒီနေရာမှာလည်း အမျိုးသားလွှတ်တော်ကရေးထားတဲ့ ပုဒ်မ ၂၃ မှာ ပြည်ထောင်စု နယ်မြေကောင်စီလို့ ကျွန်တော်တို့ ပါ ပါတယ်။ အဲဒါ ဘာကိုဆိုလိုလဲဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးအထိ တက်ပြီးတော့ ပြည်နယ် အချင်းချင်း၊ တိုင်းဒေသကြီးအစိုးရအချင်းချင်း ပြဿနာအရှုပ်၊ အရှုပ်မဖြစ်ရအောင် ဒီဥပဒေမှာပဲ ပုဒ်မ ၂၃ကို ဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ပြင်ဆင်တဲ့အတိုင်းပဲ ပြင်ဆင် သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၀၉။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ထောက်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၂)၊ အပိုဒ် ၄(က)မှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာပါတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆိုတဲ့ စာသား ဖြည့်စွက်ထားတာကို ကျွန်တော့်အနေနဲ့ အတည်ပြုလိုပါတယ်။ ဒီစာသားက ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ အတည်ပြုထားတဲ့အထဲမှာ မပါ ပါဘူး။ နောက် ဒီလိုမျိုးပေါ့နော်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဒီဟာမျိုးတွေ ထည့်ထားမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆိုတဲ့ဟာကို ထည့်ထားမှ ပိုမိုပြည့်စုံတယ်လို့ ယူဆလို့ ကျွန်တော် ဒါကို တင်ပြခြင်းဖြစ်ပါတယ်။ နောက် ဒီအပိုဒ် ၄(က)မှာပဲ ဆက်လက်ပြီးတော့ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များ တိုင်းတာခြင်း ဆိုတဲ့စာသားမှာ ကွင်း ရဲ့ နောက်မှာပေါ့။ ကွင်း၊ ဦးပိုင် ဆိုတဲ့ စာလုံးကို ကျွန်တော် ထည့်ချင်ပါတယ်။ ကွင်း၊ ဦးပိုင်၊ အကွက်များ၏ မြေနယ်နိမိတ်များတိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်လို့ ဒီလိုမျိုးထည့်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြေတိုင်းတာတဲ့နေရာတွေမှာ ခေါ်ဝေါ်သုံးစွဲတာက ကွင်းအမည်ဟာ ကွင်းအမှတ် ဘယ်လောက်၊ ဦးပိုင် နံပါတ် ဘယ်လောက်၊ ပြီးတော့မှ အကွက်အမှတ် ဘယ်လောက် ဒီလိုမျိုး သတ်မှတ်တာရှိပါတယ်။ ဒါကြောင့်မို့လို့ ကွင်းရဲ့နောက်မှာ ဦးပိုင် ဆိုတဲ့ စာလုံးလေးကို ထပ်မံပြီးတော့ ဖြည့်စွက်လိုပါတယ်။

ဆက်လက်ပြီးတော့ အပိုဒ် ၄(ဂ)မှာ ပါတဲ့အတိုင်းပေါ့။ ဒီမှာ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ အခြားအကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ဆိုပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်း ဒီစာသားကို ဖြည့်စွက်လိုပါတယ်။ အခြားအကြောင်းကြောင့် ဆိုတာ ဒီ နယ်နိမိတ်မှတ်တိုင်တို့ ဘာတို့ဆိုတာ ရာသီဥတုကြောင့်သော်လည်းကောင်း၊ သဘာဝဘေး အန္တရာယ်ကြောင့်သော်လည်းကောင်း ဒီနှစ်ချက်တည်းနဲ့တင် မလုံလောက်ပါဘူး။ ကျွန်တော်တို့ မကြာခင်ကာလတုန်းက ကျွန်တော်တို့ ရှမ်းပြည်နယ်၊ မူဆယ်ဘက်မှာပေါ့နော်။ တရုတ်ဘက်ကနေ လာပြီးတော့ လက်နက်ကိုင်တွေက ကျွန်တော်တို့ နယ်ခြားမှတ်တိုင်တစ်ခုရှိတယ်၊ မြန်မာ့အလံ စိုက်ထူ ထားတဲ့ဥစ္စာကို ဝင်ရောက်ဖျက်ဆီးသွားတယ် ဆိုတဲ့ အနေအထားမျိုးတွေရှိတယ်။ ဒါ တမင်တကာ ကျွန်တော်တို့ ဒါကိုပေါ့နော်။ လုပ်တဲ့ပုံစံမျိုးပါ။ နောက်တစ်ခါ ကျွန်တော်တို့ ရန်ကုန်မှာလည်းပဲ ဒလမြစ်ကူးတံတားကိုပေါ့နော်။ ရန်ကုန်မြစ်ကူးတံတားကို ဆောက်လိုက်တဲ့အခါမှာ မိုင်တိုင်အမှတ် အသား(၁၁)ခုကို လူငယ်နှစ်ဦးက ဝင်ရောက်ဖျက်ဆီးသွားတယ် ဆိုတဲ့သတင်းတွေလည်း ကျွန်တော်တို့ ကြားသိရပါတယ်။ အဲဒီတော့ အခြားအကြောင်းတစ်ခုခုကြောင့် ဖျက်ဆီးတာမျိုးရှိမယ်။ ဒီမှတ်တိုင်ကို ဥပမာ ကားနဲ့ ဝင်တိုက်မိတာမျိုးပေါ့၊ ဒီလိုမျိုး တိုက်မိတာမျိုးတွေလည်း ရှိလာနိုင်တဲ့အတွက် ဒါက သဘာဝဘေးအန္တရာယ် မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အခြား

အကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း ဆိုတဲ့ စာသားကို အတည်ပြု ပြဋ္ဌာန်းသင့်ကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အခန်း(၄) အသစ်ဖြည့်စွက်ချက် ၇(က)မှာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် အကြောင်းကိစ္စရပ်သော်လည်းကောင်း ဆိုတဲ့နေရာမှာ အကြောင်းကိစ္စရပ်ရှိလာလျှင်သော်လည်းကောင်း ဆိုတဲ့ ရှိလာလျှင် ဆိုတဲ့ စာလုံးလေးကို ထပ်မံဖြည့်စွက် လိုပါတယ်။ ဒါကြောင့်မို့လို့ အောက်မှာလည်း ပေါ်ပေါက်လာလျှင်သော်လည်းကောင်း ဆိုတဲ့ စာသားပါတဲ့အတွက် အပေါ်ပိုင်းမှာရှိတာ ရှိလာလျှင်သော်လည်းကောင်း၊ ပြင်ဆင်ရန်အကြောင်းကိစ္စရပ်ရှိလာလျှင်သော်လည်းကောင်း ဆိုတဲ့ ပုံစံမျိုးကို ဖြည့်စွက်လိုပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ အခန်း(၄)၊ အပိုဒ် ၇(ခ)မှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတာကတော့ နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သောသူသည် ဆိုတဲ့ ဒီစာသားလေးကို ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုထားတဲ့ပုံစံလေးကိုပဲ ကျွန်တော်တို့က သဘောကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားလွှတ်တော်မှာက ဘယ်လိုပြောထားလဲဆိုတော့ နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သောသူ ဒီလိုမျိုးလေးက ပိုပြီးတော့သင့်လျော်မယ်လို့ ထင်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ပုံစံလေးကိုပဲ ကျွန်တော် သဘောကျပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ အခန်း(၄)၊ အပိုဒ် ၉ မှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုထားတာက အဆုံးအဖြတ်ပေးနိုင်သည့်ကိစ္စများကို နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီဆိုတာပဲ ကျွန်တော် သဘောကျပါတယ်။ ဒီဘက် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဘက်မှာ ပြည်ထောင်စုနယ်မြေကောင်စီ ဆိုတာ အခေါ်အဝေါ်လည်း မရှိပါဘူး။ အဲဒီတော့ နေပြည်တော်ကောင်စီဆိုတဲ့ ပုံစံမျိုးကို ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ အဲဒီလိုပါပဲ ကျွန်တော်တို့ အပိုဒ်(စ) မှာလည်းပဲ ဒီအတိုင်းပါပဲ။ နေပြည်တော်ကောင်စီ ဆိုတဲ့ဥစ္စာ ဒါလေးကို ဆက်လက်ပြီးတော့ ဖြည့်စွက်ပြီးတော့ လုပ်သင့်ပါတယ်။

**အချိန်၊ ၁၁:၁၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက် နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက် မြောက်နေ့ကို ၁၁း၁၆ နာရီ အချိန်တွင် ရပ်နားပါသည်။]